# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၆) ရက် ၊ တနင်္လာနေ့ ၊ (29-4-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၅၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၂)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဧပြီ ၂၈**

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ဧပြီ ၂၃ ရက်မှ ၂၅ ရက်ထိ ကျင်းပသည့် (၁၂)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဧပြီ ၂၆ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာခဲ့ပြီး ဧပြီ ၂၇ ရက်ည ၉ နာရီမိနစ် ၄၀တွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ဧပြီ ၂၄ ရက် နံနက် ၈ နာရီတွင် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ **စာမျက်နှာ ၁၇ ကော်လံ ၁** ⩥

## ထူးခြားသည့် နေ့အပူချိန်များ (၂၈-၄-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ချောက် | ၄၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ဓနိကိုင်း | ၄၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

## သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသောနိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ကြောင်းကို ၂၆-၄-၂၀၂၄ ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၂၄ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

**စာမျက်နှာ ၂၀ ကော်လံ ၁** ☐




ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၂၉ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများ

ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ်(၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ယင်းဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အာဏာတည်သည့်အမိန့် ထုတ်ပြန်ခဲ့ပြီး အသက်ဝင်စေခဲ့ကာ မတ် ၉ ရက်မှစ၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်ရန်အတွက် ဆင့်ခေါ်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လူငယ်များအနေဖြင့် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာခဲ့ကြသည်ကို တွေ့ရပေသည်။

ထိုကဲ့သို့ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၁)တွင် တက်ရောက်ရန်အတွက် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာကြသူများအနက် သင်တန်းတက်ရောက်ရန်အရည်အချင်းကိုက်ညီသူများကို စုဖွဲ့၍ ဧပြီ ၈ ရက်တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများ အသီးသီး၌ သင်တန်းဖွင့်ပွဲများပြုလုပ်ခဲ့ကြပါသည်။

နိုင်ငံတော်တွင် နိုင်ငံသားတိုင်းအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိကြပြီး ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ရခြင်းဖြစ်သည်။ ဧပြီ ၈ ရက်တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှ သင်တန်းသားများအနေဖြင့် ယင်းတာဝန်များကိုထမ်းဆောင်ရန်အတွက် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာခဲ့ကြသူများဖြစ်ကြပြီး နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံ့တာဝန်များကို လေးစားဂုဏ်ယူစွာဖြင့် ထမ်းဆောင်ကြတော့မည်ဖြစ်ပေသည်။

ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းတို့သည် အမှတ်စဉ်(၁)မှစ၍ အမှတ်စဉ်များအလိုက် အပြိုင်းအရိုင်းပေါ်ထွက်လာမည်ဖြစ်ပြီး တပ်မတော်အင်အားကို ပိုမိုတောင့်တင်းစေရန် အထောက်အကူပြုစေမည်ဖြစ်ပါသည်။

တိုင်းပြည်ခံ့ညားစွာထူထောင်နိုင်ရန်အတွက် အင်အားရှိသောတပ်မတော်လိုအပ်သည်မှာ သမိုင်းက သက်သေအထင်အရှားပြထားသည်ဖြစ်၍ ယခုအခါတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအရသော်လည်းကောင်း၊ မိမိကိုယ်တိုင်က ဆန္ဒပြု၍သော်လည်းကောင်း တပ်မတော်အတွင်းသို့ အမျိုးကောင်းသားတို့ ပါဝင်ထမ်းဆောင်နေကြသည်မှာ အမိမြေအတွက်အားရဖွယ်ဖြစ်သည်။ ရှေးကတည်းက စောင့်ရှောက်လာသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ဟူသည်မှာ မိမိလက်ထက်တွင်လည်း ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မှသာ နိုင်ငံနှင့်လူမျိုးကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရာရောက်မည်ဖြစ်ပေသည်။

နိုင်ငံသမိုင်းကိုကြည့်မည်ဆိုပါက တပ်မတော်သည် အတူတကွယှဉ်ပါလျက် နိုင်ငံတွင် အရေးကြုံတိုင်း ဖေးမထောက်ကူပြုခဲ့ရသည်များမှာ အထင်အရှားဖြစ်သည်။ နိုင်ငံတွင် သဘာဝဘေးအန္တရာယ်မှအစ အကျပ်အတည်းပေါ်တိုင်း တပ်မတော်သည် ရှေ့ကမားမားမတ်မတ်ရပ်တည်ခဲ့ရသည်။ ထိုသို့ သမိုင်းအစဉ်အလာကြီးမားသော ပြည်ထောင်စုတပ်မတော် နိုင်ငံ့တပ်မတော် ပြည်သူ့တပ်မတော်အတွက် အင်အားအထောက်အကူပြုစေသော ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများကို ပြည်သူတစ်ရပ်လုံးက ဝမ်းမြောက်စွာဖြင့် ကြိုဆိုဂုဏ်ပြုကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



မန္တလေး မေ ၂၈

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူစုစုပေါင်း ၃၀၈၂၆၈ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေရောစနကျောက်စိမ်းစေတီတော်ကို ဒီနေ့မှာ ဘုရားဖူးပြည်သူအများအပြား လာရောက်ဖူးမြော်ပါတယ်။ အမောပြေသောက်သုံးနိုင်ဖို့ကိုလဲ ရေသန့်တွေ ပြုလုပ်ပေးထားပါတယ်။ ဘုရားဖူးတွေက လိုဏ်ဂူတော်အတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပါတယ်။ ဘုရားဖူးတွေကလဲ အိမ်ပြန်အမှတ်တရလက်ဆောင်အဖြစ် ဝယ်ယူမှုတွေနဲ့ စည်ကားနေပါတယ်။ အခါကြီးရက်ကြီးတို့၊ လပြည့်၊ လကွယ်တို့ဆိုရင် ဘုရားဖူးဦးရေ ပိုတိုးပါတယ်"ဟု ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၃၆၅ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၀၄၈၈၃ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ဦးရေ ၁၀၂၀ လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး-သဖန်းထောင့်-မြင်းမူ ရေလမ်းကြောင်းတစ်လျှောက်၌ မေလတွင် ရေလမ်းညွှန်အမှတ်အသား အခုရေ ၂၀၀ စိုက်ထူပြသမည်

မန္တလေး မေ ၂၈

ဧရာဝတီမြစ် မန္တလေး-သဖန်းထောင့်-မြင်းမူ ရေလမ်းကြောင်းတစ်လျှောက်၌ လာမည့်မေလတွင် ရေပေါ်ပြ၊ ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား စုစုပေါင်း အခုရေ ၂၀၀ စိုက်ထူပြသမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ် မန္တလေး-သဖန်းထောင့်-မြင်းမူ ရေလမ်းကြောင်းတစ်လျှောက် ရေယာဉ်များသွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် လာမည့်မေလအတွင်း ရေပေါ်ပြ ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၀၀ နှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၀၀ ကို ရေလမ်းညွှန်ဌာနမှဝန်ထမ်းများက ရေယာဉ်နှစ်စီးဖြင့် လိုက်လံစိုက်ထူပြသပေးမည်ဖြစ်ကြောင်း သိရသည်။

"အခုလတ်တလောကတော့ ဧရာဝတီမြစ် ရေနည်းချိန်ဖြစ်ပေမဲ့ ရေယာဉ်တွေ သွားလာလို့မရတဲ့ထိတော့ ရေကြောင်းကျပ်တည်းမှု မရှိပါဘူး။ မကြာခင်ကာလမှာလဲ ဧရာဝတီမြစ် ရေများချိန်ကာလကို ပြန်လည်ရောက်ရှိလာတော့မှာဖြစ်လို့ မန္တလေးဆိပ်ကမ်းက ရေယာဉ်တွေလဲ အခုရေနည်းချိန်ထက် ပိုပြီး အဆင်ပြေစွာ သွားလာနိုင်မှာဖြစ်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

အလားတူ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ယနေ့ နံနက် ၆ နာရီ မိနစ် ၃၀ တွင် တိုင်းတာရရှိသော ဧရာဝတီမြစ်ရေအခြေအနေများမှာ မြစ်ကြီးနားမြို့တွင် ၂၉၈ စင်တီမီတာ၊ ဗန်းမော်မြို့တွင် ၄၅၆ စင်တီမီတာ၊ ရွှေကူမြို့တွင် ၃၆၆ စင်တီမီတာ၊ ကသာမြို့တွင် ၄၀၈ စင်တီမီတာ၊ သပိတ်ကျင်းမြို့တွင် ၄၇၂ စင်တီမီတာ၊ မန္တလေးမြို့တွင် ၄၀၀ စင်တီမီတာထိရှိကြောင်း သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီး မြို့နယ်လေးမြို့နယ်ရှိ သမဝါယမအသင်းသားများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် သန်း ၂၀၀ ကျော် ထုတ်ချေးပေးထား

မန္တလေး မေ ၂၈

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်လေးမြို့နယ်ရှိ သမဝါယမအသင်းသား တောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးနိုင်ရန် ငွေကျပ်သန်း ၂၀၀ ကျော် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသားတောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးရန် မြို့နယ်လေးမြို့နယ်ရှိ သမဝါယမအသင်းခုနစ်သင်း၊ အသင်းသားတောင်သူ ၂၃၃ ဦး၊ နွေစပါးစိုက်ဧက ၁၀၁၈ ဧကအတွက် ဧပြီလဒုတိယပတ်မှစ၍ ထုတ်ချေးပေးခဲ့ရာ ယနေ့ထိ ချေးငွေကျပ် သန်း ၂၀၀ ကျော် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

"နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ နွေစပါးစိုက်ပျိုးကြတဲ့ မြို့နယ်လေးမြို့နယ်က သမဝါယမအသင်းသားတောင်သူတွေကို ချေးပေးခဲ့ပါတယ်။ နွေစပါးစိုက်ပျိုးတဲ့တောင်သူတွေအတွက် တစ်ဧကကို ငွေကျပ် ၂၀၀၀၀၀ နှုန်းနဲ့ညီမျှတဲ့ လိုအပ်တဲ့ မျိုး၊ သွင်းအားစုတွေကိုပဲ အဓိကထား ပံ့ပိုးပေးခဲ့တာပါ။ အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ်ထူထောင်ပြီး လုပ်ငန်းလုပ်ကိုင်လိုသူတွေကို လိုအပ်တဲ့ငွေကြေးအရင်းအနှီးတွေ ရရှိစေဖို့နဲ့ တိုးချဲ့ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်တာပါ။ မိသားစုဝင်ငွေတိုးတက်စေရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိစေဖို့လဲဖြစ်ပါတယ်။ အတိုးနှုန်းကတော့ တစ်လကို ငွေကျပ် ၁၀၀ ကို တစ်ကျပ်နှုန်းဖြစ်ပါတယ်။ နိုင်ငံတော်ကနေ တောင်သူတွေအတွက် အကူအညီပေးနိုင်ဖို့ တစ်ဖက်တစ်လမ်းကနေ အတိုးနှုန်းသက်သက်သာသာနဲ့ ဆောင်ရွက်ပေးနေတာပါ"ဟု ဦးလှိုင်မိုးက ပြောပြသည်။

ထိုသို့ ထုတ်ချေးပေးသည့် မြို့နယ်လေးမြို့နယ်မှာ မတ္တရာမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မြင်းခြံမြို့နယ်တို့ဖြစ်ကြောင်း၊ ချေးငွေများကို ခြောက်လပြည့်လျှင် အတိုးဆပ်ရမည်ဖြစ်ပြီး တစ်နှစ်ပြည့်ပါက အတိုးကောအရင်းပါ ဆပ်ရမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၀၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းရှူးမြို့နယ် ဝမ်ဆော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းရှူး ဧပြီ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဆော့ကျေးရွာအုပ်စု ဝမ်ဆော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ဝမ်ဆော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဝမ်ဆော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃၆ သိန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်းထံမှ သိရသည်။

**ချိုသန်းညွန့်**



မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ကသာမြို့နေ ဦးမြင့်ဝေ-ဒေါ်ငွေရ မိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင် အိတ်ရေ ၆၇၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင် အိတ်ရေ ၆၇၀၀၀တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက မတ်ပဲ ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၆၇၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်မတ်ပဲများကို ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မတ်လထဲမှာ မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်မတ်ပဲတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ပြန်လည်ဝယ်ယူအားကောင်းလာတာကြောင့် ရန်ကုန်ဘက်ကလဲ ဝယ်ယူအားကောင်းလာတာဖြစ်ပါတယ်။ ဒေသထွက်မတ်ပဲ၊ စပါးတွေကို ပန်းတနော်မြို့နယ်က ကုန်သည်ပွဲရုံ ပိုင်ရှင်တွေက ရန်ကုန်မြို့ကို တင်ပို့ရောင်းချတာဖြစ်ပါတယ်။ မတ်ပဲနဲ့ ပဲတီစိမ်းတွေကိုတော့ ပြည်ပဈေးကွက်အနေနဲ့ တရုတ်နိုင်ငံဘက်ကိုအများဆုံးတင်ပို့ရောင်းချတာပါ"ဟု ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါ မတ်ပဲများ ဈေးကောင်းရရှိခြင်းနှင့် ဝယ်ယူမှု အားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ကား အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကိုတွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်း အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ထန်းတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ခုနစ်သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၈ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၁ ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲမျိုးစုံ ၂၁၈၉၇ ဧက ရိတ်သိမ်းပြီးစီး

**ကျွန်းလှ ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲမျိုးစုံ ၂၁၈၉၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲမျိုးစုံစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၁၈၉၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲမျိုးစုံ ၂၁၈၉၇ ဧက စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးထားတဲ့ ပဲမျိုးစုံစိုက်ခင်းတွေ လက်ရှိ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပဲမျိုးစုံ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကြဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ပဲမျိုးစုံရိတ်သိမ်းပြီးစီးမှုအနေဖြင့် မတ်ပဲ ၁၁၇၂၅ ဧက၊ ထောပတ်ပဲ ၁၈ ဧက၊ စွန်တာပြာ ၂၁၁၉ ဧက၊ ကုလားပဲ ၂၃၉ ဧက၊ စားတော်ပဲ ၇၃၃၅ ဧက၊ ပဲနီလေး ၄၆၁ ဧက ဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲမျိုးစုံ ၁၉၇၅၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၂၁၈၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး ကွင်းဆင်း အသိပညာပေးခဲ့ကြောင်း သိရသည်။ (၂၀၆)



# ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ

## ချစ်နိုင်(စိတ်ပညာ)

❖ ဆွေမျိုးသားချင်းသက်ကြီးရွယ်အိုတွေကို သွားရောက်ကန်တော့တဲ့အခါ "အာယု၊ ဝဏ္ဏော၊ သုခံ၊ ဗလံ" ဆိုတဲ့ဆုကို ပေးလေ့ရှိကြတာ ကြားနာမှတ်သားဖူးပါတယ်။ မြန်မာလိုက "အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းတို့နဲ့ ပြည့်စုံပါစေ" လို့ဆိုလိုပါတယ်။ လူတွေဟာ အသက်ရှည်လိုကြတာမို့ နာမည်ကို မောင်သက်ရှည်၊ ဦးသက်ရှည် ဆိုတဲ့နာမည်မျိုးတွေ မှည့်ခေါ်လေ့ရှိတယ်။ သူ့ရဲ့ မိခင်၊ ဖခင်တို့က သူ့သားလေးကို အသက်ရှည်စေချင်တယ်။ မောင်အာယုလို့ပေးတာမျိုးလည်း ရှိခဲ့ပါတယ်။ ❖

**နိဒါန်း**

ဟားဗတ်တက္ကသိုလ်က ဒေါက်တာဒေးဗစ်ဆင်ကလဲယား(Dr. David Sinclair) ဟာ ဆရာဝန်တော့မဟုတ်ပါ။ ဆေးဘက်ဆိုင်ရာ ပီအိပ်ချ်ဒီဒေါက်တာ၊ ပါမောက္ခဖြစ်ပါတယ်။ သူပြုစုရေးသားတဲ့စာအုပ်တချို့ဟာ နယူးယောက်တိုင်းသတင်းအရ နိုင်ငံတကာမှာ အရောင်းရဆုံးစာအုပ်တွေအဖြစ် ဖော်ပြခြင်းခံခဲ့ရပါတယ်။ သူ ဒေါက်တာဘွဲ့ရတာက ဇီဝဗေဒပညာနဲ့ မျိုးရိုးဗေဒပညာရပ်(Biologist and Genetics Expert)အနေနဲ့ဖြစ်ပါတယ်။ ရေးခဲ့တဲ့စာအုပ်တွေက **"ရှင်းလင်းစွာတွေးတောခြင်း၊ အသက်ရှည်စေခြင်း"**စတဲ့ စာအုပ်တွေဖြစ်ပါတယ်။

**အသက်ရှည်ခြင်း**

ဆွေမျိုးသားချင်းသက်ကြီးရွယ်အိုတွေကို သွားရောက်ကန်တော့တဲ့အခါ"အာယု၊ ဝဏ္ဏော၊ သုခံ၊ ဗလံ" ဆိုတဲ့ဆုကို ပေးလေ့ရှိကြတာ ကြားနာမှတ်သားဖူးပါတယ်။ မြန်မာလိုက**"အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းတို့နဲ့ ပြည့်စုံပါစေ"**လို့ဆိုလိုပါတယ်။

လူတွေဟာ အသက်ရှည်လိုကြတာမို့ နာမည်ကို မောင်သက်ရှည်၊ ဦးသက်ရှည်ဆိုတဲ့ နာမည်မျိုးတွေမှည့်ခေါ်လေ့ရှိတယ်။ သူ့ရဲ့မိခင်၊ ဖခင်တို့က သူ့သားလေးကို အသက်ရှည်စေချင်တယ်။ မောင်အာယုလို့ပေးတာမျိုးလည်းရှိခဲ့ပါတယ်။

ဒေါက်တာဒေးဗစ်ဆင်ကလဲယားဟာ သူ သုတေသနလုပ်ပြီး ဆည်းပူးထားတဲ့ ဇီဝဗေဒပညာ၊ မျိုးရိုးဗေဒပညာတို့နဲ့ဆက်နွယ်ပြီး လူတွေကို ကျန်းမာအောင်၊ နုပျိုအောင်၊ အသက်ရှည်အောင် နေထိုင်စားသောက်နည်းတွေကို ရေးသား၊ ဟောပြော၊ ဆွေးနွေးရာမှာ ပရိသတ်နားလည်အောင် ရှင်းရှင်းလင်းလင်းပြောဆိုနိုင်ပါတယ်။ ဘာသာရပ်ဆိုင်ရာခက်ခဲတဲ့ သီဝရီတွေ၊ အချက်အလက်တွေကို ပညာပြပြီး ပြောဆိုမနေဘဲ လူအများနားရှင်းအောင် တင်ပြတတ်တာ တွေ့ရပါတယ်။ သူ့ရဲ့ဟောပြောချက် သုံး၊ လေးပုဒ်ကို နားထောင်ပြီးတဲ့အခါမှာတော့ ဒေါက်တာဆင်ကလဲယားဖော်ပြတာတချို့ရယ်၊ မိမိတို့ယဉ်ကျေးမှုအစဉ်အလာကရှိခဲ့ကြတဲ့ အမူအကျင့်တွေရယ် ဆက်စပ်စဉ်းစားမိသမျှ **"အသက်ရှည်ရာအနာမဲ့ကြောင်းနည်းလမ်းကောင်းတွေ"**ကို တင်ပြလိုပါတယ်။ တချို့လည်း သိပြီးသား၊ အချို့ကတော့လည်း အခုမှကြားသိရတယ်ဆိုတာမျိုးလည်းပါကောင်း ပါနိုင်တာပေါ့။ ဒေါက်တာဒေးဗစ်ဆင်ကလဲယားဟောပြောတဲ့ထဲက သင့်လျော်ရာအချက်တွေရယ်၊ မိမိတို့ယဉ်ကျေးမှုဓလေ့အရ လူကြီးသူမတွေသွန်သင်လမ်းပြခဲ့ကြတဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင် ပျော်ပျော်ရွှင်ရွှင်နေထိုင်နည်းတွေရယ်၊ ကောင်းနိုးရာရာအချက်တို့ကို စုစည်းတင်ပြပါမယ်။

**လမ်းလျှောက်**

၁။ နေ့စဉ်လမ်းလျှောက်ရင် ကျန်းမာကြံ့ခိုင်စေပါတယ်။ ဆီး၊ ဝမ်း၊ လေ၊ သွေး၊ အကြော၊ ကြွက်သား၊ အရိုးအဆစ်တွေအတွက် ကောင်းမွန်စေပါတယ်။

၂။ လက်၊ ခါး၊ ခြေစတဲ့ ကာယလေ့ကျင့်ခန်း (P.T)တတ်နိုင်သလောက် ချွေးစို့အောင်လုပ်သင့်ပါတယ်။

၃။ အသက်ရှူလေ့ကျင့်ခန်းလုပ်ပါ။ သမထတရားရှုမှတ်တာလေ့လာပြီး လေ့ကျင့်သင့်ပါတယ်။ လယ်တီနည်း၊ စွန်းလွန်းနည်း၊ မဟာစည်နည်း၊ မိုးကုတ်နည်း၊ ဆရာသက်နည်း၊ ဂိုအင်ကာနည်း၊ ဦးဘခင်နည်း အစရှိတဲ့မူကွဲတွေ ဘယ်လိုပဲရှိစေကာမူ တစ်ခုခုနဲ့လေ့ကျင့်ရင် ကောင်းပါတယ်။

၄။ အချိန်မှန်မှန်စားပါ။ အဝလွန်အောင်မစားသင့်ပါ။ အသားစားတာလျှော့ပြီး အသီးအရွက်နဲ့ငါးစားပါ။

၅။ မကြာခဏ နည်းနည်းချင်းစားတာလည်း အသက်ကြီးသူတွေအတွက် သင့်လျော်ပါတယ်။ ခြောက်နာရီတစ်ကြိမ် စားသင့်၊ ညစာလျှော့စားသင့်။ ဆိုရိုးစကားတစ်ခုမှာ "နံနက်စာကို ဘုရင်လိုစား၊ နေ့လယ်စာ သူဌေးလိုစား၍ ညစာကို သူတောင်းစားလိုသာစားပါ"တဲ့။ ဥပုသ်စောင့်တာဟာ ကျန်းမာရေးအတွက် ကောင်းပါတယ်။ ဆာတိုင်း စိတ်အလိုလိုက်ပြီး မစားရ။

**အစားအစာ**

၆။ မြို့မကျောင်းလမ်း၊ အိမ်တော်ရာပရိယတ္တိစာသင်တိုက် သက်တော် ၈၀ ကျော် ဆရာတော်ကြီးက **"ဆာမှစား၊ တညီတာစား၊ တပ်မက်မှုလျှော့လျှော့စား"**လို့ မိန့်ကြားခဲ့ဖူးပါတယ်။ "ညက်ညက်ဝါး၊ သတိမှတ်နဲ့စား၊ အလောတကြီးမစားနဲ့"လို့လည်း ဆုံးမပါတယ်။

၇။ ပူလွန်းတဲ့အစာ၊ အေးလွန်းတဲ့အစာ၊ ပုပ်သိုးနံစော်တဲ့အစာ၊ မသန့်တဲ့အစာတွေဟာ မစားဘဲ ရှောင်သင့်ပါတယ်။

၈။ ပုံမှန်ရေများများသောက်ပါ။ လက်ဖက်ရည်ကြမ်းဟာ ကျန်းမာရေးအတွက် အထူးကောင်းမွန်ပါတယ်။

၉။ အသီးအရွက် များများစားပါ။ အသက် ၆၀ ကျော်ရင်တော့ အားဖြည့်ဓာတ်စာ၊ ဗီတာမင်၊ သတ္တုဓာတ်တချို့ကို ဆရာဝန်ညွှန်ပြရင် စားသင့်။

၁၀။ ဆီ၊ ဆီကြော်၊ အာလူးကြော်၊ အကြော်စုံတွေ လျှော့စားသင့်။ ဆီမသန့်တာ ရှောင်သင့်တယ်။

၁၁။ အရက်၊ မူးယစ်ဆေး၊ စိတ်ငြိမ်ဆေး၊ စိတ်ကြွဆေး စတဲ့အရာတွေ ရှောင်ကြဉ်ရပါမယ်။

**ရှောင်ရေှာင်ရာများ**

၁၂။ အရက်သေစာ၊ ဗီစကီ၊ ဘီယာ၊ ဝိုင်၊ ရမ် ရှောင်နိုင်ရင် ကောင်းပါတယ်။

၁၃။ အချို၊ အငန် လျှော့စားသင့်။ သကြား၊ ဂလူးကိုစ် များများမစားသုံးသင့်။

၁၄။ နွားနို့၊ ကျွဲနို့၊ ဆိတ်နို့သောက်တာ ကောင်းပါတယ်။

၁၅။ ကြက်ကြော်၊ ဘဲကင်၊ အမဲသား၊ ဝက်သား လွန်ကဲအောင်မစားသင့်ပါဘူး။ အသက်ကြီးသူတွေ ဘဲကင်များများမစားသင့်။

၁၆။ ငါးက ကျန်းမာရေးနဲ့သင့်တော်တယ်။

၁၇။ သင်္ဘောသီးမှည့်၊ ကြက်ဥပြုတ်၊ ဖရဲသီး၊ သခွားမွှေး၊ ပန်းသီး၊ စပျစ်သီး၊ ငှက်ပျောသီး၊ အုန်းရည်၊ ကြံရည်သင့်ပါတယ်။

**စိတ်ကောင်းထားပါ**

၁၈။ စိတ်ကောင်းမွေးပါ၊ ပတ်ဝန်းကျင်နှင့်အဆင်ပြေအောင်နေပါ။ သူတစ်ပါးကို တတ်စွမ်းသမျှ ကူညီပါ။

၁၉။ မေတ္တာပို့ပါ။ နေ့စဉ် ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူခြင်း၊ အလှူခံများကို ဆွမ်း၊ ဆွမ်းဆန်၊ ငွေကြေးလှူဒါန်းပေးဝေခြင်းတွေဟာ မိမိကျန်းမာရေး၊ ပျော်ရွှင်ရေးအတွက် အထောက်အပံ့ရစေပါတယ်။

၂၀။ အခါအားလျော်စွာတရားနာပါ။ ဘာသာရေးစာအုပ်တွေကို ဖတ်ရှုလေ့လာပါ။

၂၁။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ရေးဝအောင်အိပ်ပါ။

၂၂။ ရေချိုးချိန်ကို ရာသီဥတုအပူရှိန်နဲ့သင့်တော်အောင်ညှိပြီး ချိုးသင့်။ ရှေးစာဆိုကတော့ ဆောင်း ၁၀၊ နွေ ၉၊ မိုး ၁၁ လို့ နာရီဖော်ပြထားတာ ကြားရမှတ်ရဖူးတယ်။

၂၃။ ခန္ဓာကိုယ်အလုပ်ဖြစ်ဖြစ်၊ စိတ်အလုပ်ဖြစ်ဖြစ် အားကုန်မောပန်းသွားအောင် အသက် ၄၀ ကျော်လာရင် အလွန်အမင်းမကြိုးစားသင့်ပါ။ ပုံမှန်ပဲလုပ်ပါ။

၂၄။ စိတ်ကောလုပါ အေးအေးဆေးဆေးအနားယူတာရှိပါစေ။ အမောဆို့အောင် အားမစိုက်လေနဲ့။

၂၅။ ကာမဂုဏ်အာရုံခံစားမှု လွန်ကဲမှုမရှိပါစေနဲ့။ (သောက်လေ သောက်လေ ငတ်မပြေ) တပ်မက်မှုလျှော့ပါ။

၂၆။ ခြောက်လတစ်ခါ၊ တစ်နှစ်တစ်ခါ ဆေးစစ်ပါ။ ဆရာဝန်ညွှန်တဲ့ဆေးကို ပုံမှန်သောက်ပါ။

၂၇။ လမ်းလျှောက်ပါ။ ခြေထောက်နှစ်ချောင်း လှုပ်ရှားမှုက နှလုံးနဲ့သွေးကြောတွေအားလုံးအတွက် ဆရာဝန်နှစ်ယောက်ပဲ။

**မေတ္တာဓာတ်**

၂၈။ ခင်ခင်မင်မင်သူငယ်ချင်းတွေနဲ့ စုဆုံစကားပြောပါ။ ရယ်မောပါ။ အပြန်အလှန်အားပေးပါ။ ကူညီပါ။ ကိုယ်ရောစိတ်ပါ ကျန်းမာရေး Well-being ကို အထောက်အကူအများကြီးပေးပါတယ်။ မေတ္တာဓာတ်ဟာ အေးမြတယ်။

၂၉။ ရာသီဥတုအခြေအနေနဲ့ဆီလျော်သင့်တော်အောင်နေထိုင်၊ ဝတ်စား၊ လှုပ်ရှားပါ။ မိုးရွာထဲ သစ်ပင်စိုက်မနေနဲ့။ နေပူကြီးထဲ ထီးမပါဘဲ လျှောက်မနေနဲ့။ ဆင်ခြင်ပါ။

၃၀။ ရုပ်မြင်သံကြားကြည့်တာ၊ လက်ကိုင်ဖုန်းပွတ်တာ အချိန်လျှော့ပါ။ တစ်နေ့ နာရီဝက်၊ တစ်နာရီ စည်းကမ်းထားပါ။

၃၁။ မိမိဆွေမျိုးသားချင်းတွေ အသက် ၈၀၊ ၉၀ နေကြရပါတယ်။ သူတို့က တောသူတောင်သား၊ တောင်သူယာသမားတွေပါပဲ။ ယာထွန်တယ်၊ ပဲ၊ ပြောင်း၊ နှမ်း စိုက်ပျိုးခဲ့ကြတယ်။

**မေတ္တာရှေ့ထားခြင်း**

သူတို့က ငွေကြေးမချမ်းသာပေမယ့် နေ့စဉ်လမ်းလျှောက်ကြတယ်။ ရေနွေးကြမ်းပုံမှန်သောက်ကြတယ်။ ရိုးသားဖြောင့်မတ်ကြတယ်။ ဥပုသ်သီတင်းသီလဆောက်တည်ကြတယ်။ အလှူဒါန ရက်ရောကြတယ်။ ရွာသူရွာသားဆွေမျိုးတွေနဲ့ ချစ်ချစ်ခင်ခင်စည်းလုံးတဲ့ အသိုက်အဝန်းနဲ့ **"ညီညွတ်ရေးနဲ့အသက်ရှည်ရှည် စင်စင်မင်မင်"**နေထိုင်သွားကြတာပဲ။ စိတ်ဖိစီးမှုနည်းကြတယ်။ လောဘ၊ ဒေါသနည်းကြတယ်။ ရောင့်ရဲကျေနပ်တတ်ခြင်း၊ မေတ္တာရှေ့ထားခြင်းဟာ အသက်ရှည်စေပုံရတယ်။

၃၂။ ဘုရားဟောပါဠိတော် ဂိလာနဝဂ်မှာ **အသက်ရှည်စေတဲ့အကြောင်းငါးပါး** ဒီလိုတွေ့ရပါတယ်။

(က) မိမိနဲ့သင့်လျော်ရာကိုသာ ပြုလေ့ရှိခြင်း၊

(ခ) ထိုသင့်လျော်ရာကို ပြုခြင်းမှာပင် အတိုင်းအရှည်သိခြင်း၊

(ဂ) ကြေကျက်လွယ်တဲ့ အစားအစာကိုသာ စားခြင်း၊

(ဃ) ငါးပါးသီလနဲ့ ပြည့်စုံခြင်း၊

(င) မိတ်ဆွေခင်ပွန်းကောင်းတွေရှိခြင်း (မူကွဲအခြားတစ်နည်းကား မြတ်တဲ့ကိုယ်ကျင့်တရားရှိခြင်းတဲ့)မှတ်သားစရာကောင်းပါတယ်။

၃၃။ **"အသက်တိုစေတဲ့ အချက်ငါးချက်"**ကို စာဏကျနီတိပျို့အရ ဒီလိုတွေ့ရှိရပါတယ်။

(က) မလတ်ဆတ်တဲ့အသားကိုစားခြင်း၊

(ခ) အရွယ်လွန်တဲ့မိန်းမနဲ့မေထုန်ပြုခြင်း၊

(ဂ) သစ်ဆင်းလမှာ နေပူမိခြင်း

(ဃ) သုံးရက်လွန်တဲ့နို့ချဉ်ကို သောက်သုံးမိခြင်း၊

(င) မနက်အိပ်ရာထချိန်မထဘဲ ဆက်အိပ်နေတတ်ခြင်း။

**ရှေးကုသိုလ်ကံ**

၃၄။ လူလူချင်းအတူတူမှာ လူ့ဘဝ၌ အချိန်ကာလအသက်တိုခြင်း၊ ရှည်ခြင်း ကွာခြားကွဲပြားရခြင်းအကြောင်းရင်းက သူပြုခဲ့တဲ့အကုသိုလ်အမှုနဲ့ ကုသိုလ်အမှုမတူခဲ့ကြခြင်းကြောင့် ဖြစ်တယ်လို့ မြတ်စွာဘုရားဟောကြားတော်မူဖူးတယ်။

(က) သူတစ်ပါးအသက်များ သတ်ဖြတ်လျှင် အသက်တိုခြင်း၊

(ခ) သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်လေ့ရှိခြင်း (သီလစောင့်ခဲ့ခြင်း)

၃၅။ အသက်ရှည်စွာနေထိုင်ရတာ လူ့ဘဝမှာ တန်ဖိုးရှိပါတယ်။ စည်းစိမ်ဥစ္စာ၊ ဉာဏ်ပညာ၊ အခြေအရံ၊ မိတ်ကောင်းဆွေကောင်းတွေ ပြည့်စုံပြီး ကောင်းမှုကုသိုလ်တွေ များများပြုနိုင်ရင် အသက်ရှည်ရကျိုးနပ်တာပေါ့။ ကောင်းတာပဲ။ ဘုန်းဆိုတာ ပုညဆိုတဲ့ မူလပါဠိဝေါဟာရက ဆင်းသက်လာတာပါ။ ပုဗ္ဗေစကတပုညတာဆိုတဲ့ ရှေ့ကပြုခဲ့ဖူးတဲ့ ကောင်းမှုကုသိုလ်တွေရဲ့ ကျေးဇူးပြုခြင်းကြောင့် ခေါင်းဆောင်မှုသြဇာတိက္ကမရှိနေရပါတယ်။ ဘုန်းတန်ခိုးရှိသင့်တယ်။

**နိဂုံး**

၃၆။ အသက်တော့ရှည်ပါရဲ့၊ လူအများ သူတစ်ပါးက လေးစားရိုသေလောက်တဲ့ ကိုယ်ကျင့်စာရိတ္တ၊ သီလမရှိ။ လူမလေးခွေးမခန့် အကျင့်ယုတ်လို့ ဘယ်သူကမှအရောမဝင်ချင် ဝိုင်းပယ်ခံ၊ ပြစ်တင်ရှုတ်ချခံနေရရင်လည်း အသက်ရှည်လေလေ အကုသိုလ်များလေလေပဲမို့ ပိုရှုံးနေစေတယ်ဆိုရပေမယ်။ ဩော်နေခြင်း၊ သေခြင်းကာလအတွင်း **"ကိုယ်ကျင့်သီလ"** အဓိက အရေးကြီးလှပါကလား။ သိမှတ်ကြပါစေ။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလို မျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကျိုက်လတ်မြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ ပြီးခဲ့သည့်မတ်လအတွင်းက ငရုတ်သီးခြောက် ပိဿာ ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဧပြီ ၂၈**

ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ ပြီးခဲ့သည့် မတ်လအတွင်းက ငရုတ်သီးခြောက် ပိဿာ ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ဇာဇာက ပြောပြ၍ သိရသည်။



ကျိုက်လတ်မြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလက ငရုတ်သီးခြောက် ပိဿာ ၅၄၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငရုတ်သီးခြောက် ပိဿာ ၈၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှတင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ဈေးရှိနေကြောင်း သိရသည်။

“ပြီးခဲ့တဲ့မတ်လအတွင်းက ကျိုက်လတ်မြို့နယ်ကနေ မော်လမြိုင်ကျွန်းမြို့နယ်ကို ငရုတ်သီးခြောက် ပိဿာ ၈၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသလယ်ယာထွက်ကုန်တွေကို ရောဝတီတိုင်းဒေသကြီးအတွင်းက အခြားနယ်မြို့တွေကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ကျိုက်လတ်မြို့နယ်က ထွက်တဲ့ ဒေသထွက်ငရုတ်သီးတွေက အရည်အသွေးကောင်းတယ်။ ဒါကြောင့် လူကြိုက်များပါတယ်။ ငရုတ်သီးက အရည်အသွေးကောင်းတော့ ရက်ရှည်အထားခံပြီး တစ်ဆင့်ပြန်လည်ရောင်းချရာမှာ အဆင်ပြေပါတယ်” ဟု ကျိုက်လတ်မြို့နယ်မှစားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲပြီး ငရုတ်သီးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိလာသော ငရုတ်သီးများသည် အရည်အသွေးကောင်းမွန်ကြောင်း၊ လက်ရှိတွင် ငရုတ်သီးခြောက်များ တင်ပို့ရောင်းချအားတက်လာခြင်းကြောင့် တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျိုက်မရောမြို့နယ်၌ မြို့နယ်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကျင်းပ

**ကျိုက်မရော ဧပြီ ၂၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းနှင့် ဆိုလာရေတင်လုပ်ငန်းစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးက မြို့နယ်အဆင့်စီမံကိန်းသုံးသပ်ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သုံးသပ်ဆွေးနွေးပွဲအကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုး ဦးဆောင်၍ အခမ်းအနားသို့ တက်ရောက်လာကြသော မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ အတိုးအရင်းပေးဆပ်မှုအခြေအနေများ၊ စီမံကိန်းမှရရှိလာသော အတိုးငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေများ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအပေါ် အားသာချက်များနှင့် အားနည်းချက်များသုံးသပ်ဆွေးနွေး အကြံပြုခြင်းများကို ဆောင်ရွက်ခဲ့ပြီး ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ တင်ပြချက်များအပေါ် မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စီမံကိန်းလုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ စီမံကိန်းဆောင်ရွက်လျက်ရှိသော ကျေးရွာများမှ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များစုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ပြည့်တွက်သားမွန် လူရည်ချွန်

\- ပြည့်တွက်သားမွန် လူရည်ချွန်ဟု<br>
လွန်စွာဂုဏ်မြင့် ကြိုဆိုတင့်၏<br>
ကြိုလင့်ကာသာ နွေးထွေးစွာဖြင့်<br>
လိုရာမရှိ ပြည့်စုံဘိအောင်<br>
ကြည့်ရှုစောင့်ရှောက် လွန်ဝမ်းမြောက်၏။

\- လူရည်ချွန်များ လေ့လာသွားဖို့<br>
လျာထားနေရာ ပုဂံမှာနှင့်<br>
ချောင်းသာကမ်းခြေ အပန်းပြေမည်<br>
ငွေဆောင် တောင်ကြီး ရှုမငြီးဖွယ်<br>
ရင်းနှီးချစ်ခင် ခရီးစဉ်။

\- လူရည်ချွန်ဆိုသည် ဘက်စုံညီစွာ<br>
ကိုယ်စီထူးခြား ဉာဏ်ရည်သွားနှင့်<br>
လှုပ်ရှားကိုယ်လက် နေမခက်အောင်<br>
တွက်ချက်ပညာ ဉာဏ်ရည်သာမှ<br>
မှတ်ပါသုတ နှံ့စပ်ကြ၏။

\- ကျောင်းသူကျောင်းသား လမ်းမမှားဘဲ<br>
တတ်ထားပညာ ရိုးသားရှာသော်<br>
နောင်ခါတက်လမ်း ဂုဏ်မြင့်ပန်းသို့<br>
ရည်မှန်းလိုရာ ရောက်ကြမည်။

\- ယနေ့လူငယ် နောင်ဝယ်လူကြီး<br>
အံ့ချီးမသွေ ဖြစ်ရပေမည်<br>
တိုင်းပြေ(ပြည်)အတွက် ပညာထက်အောင်<br>
လက်ရှိချိန်မှာ ကြိုးစားရှာမှ<br>
အနာဂတ်တွင် အောင်မြင်ပါလိမ့်။

\- ဘဝအမွန် လူရည်ချွန်ဟု<br>
ခွန်အားဗလ မြတ်ဉာဏနှင့်<br>
မိတ္တဘောဂ စာရိတ္တတို့<br>
ပြည့်ဝအောင်ဖြည့် လွန်ချမ်းမြေ့ပြီ<br>
ပြည့်တွက်ကောင်းကျိုး သယ်ပိုးမည်။

\- အနာဂတ်တွင် အောင်ပွဲဆင်ဖို့<br>
ကြိုတင်လျာထား ပညာများနှင့်<br>
စဉ်းစားတွေးခေါ် လွဲမချော်အောင်<br>
လူတော်လူကောင်း များစုပေါင်းလျက်<br>
အောင်ကြောင်းဖြာဝေ အောင်ပါစေ။ ။

**အာကာမောင်မောင်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ ခလုတ်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ထိုင်ဝမ်ရေလက်ကြားအလယ်မျဉ်းကို တရုတ်စစ်လေယာဉ်များဖြတ်ကျော်

**တိုင်ပေ မေ ၂၈**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်၏ တရုတ်ခရီးစဉ်ပြီးဆုံးခဲ့ပြီး တစ်ရက်အကြာ မေ ၂၇ ရက်တွင် တရုတ်(တိုင်ပေ)ကျွန်းဝန်းကျင်၌ တရုတ်နိုင်ငံက စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မေ ၂၇ ရက်တွင် တရုတ်စစ်ဘက်မှ စစ်လေယာဉ် ၁၂စင်းတို့သည် ထိုင်ဝမ်ရေလက်ကြားအလယ်မျဉ်းကို ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ထိုင်ဝမ်ရေလက်ကြား အလယ်မျဉ်းသည် တရုတ်(တိုင်ပေ)နှင့် တရုတ်ပြည်မကြီးတို့ကို ပိုင်းခြားထားသော တရားမဝင်နယ်နိမိတ်စည်းဖြစ်သည်။

သို့သော် တရုတ်(တိုင်ပေ)အား ပြည်မကြီး ခွဲထွက်နယ်မြေအဖြစ် သတ်မှတ်ထားသည့် တရုတ်နိုင်ငံက ထိုင်ဝမ်ရေလက်ကြားအလယ်မျဉ်းကို တရုတ်(တိုင်ပေ)နှင့် တရုတ်ပြည်မကြီးအကြား နယ်နိမိတ်စည်းအဖြစ် အသိအမှတ်ပြုထားခြင်း မရှိကြောင်း သိရသည်။

မေ ၂၇ ရက်တွင် အက်စ်ယူ-၃၀ တိုက်လေယာဉ်များအပါအဝင် တရုတ်စစ်လေယာဉ် ၂၂ စင်းတို့ တရုတ်(တိုင်ပေ) အနီး လှုပ်ရှားပျံသန်းခဲ့ပြီး ယင်းလေယာဉ်များအနက် ၁၂ စင်းတို့က ထိုင်ဝမ်ရေလက်ကြားအလယ်မျဉ်းကို ဖြတ်ကျော်ခဲ့ကြောင်း တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

အဆိုပါစစ်လေယာဉ်များသည် တရုတ် စစ်သင်္ဘောများနှင့်အတူ ပူးတွဲတိုက်ပွဲဝင် ကင်းလှည့်မှုတွင် ပါဝင်ခဲ့သည့်လေယာဉ်များဖြစ်ကြောင်း သိရသည်။Ref : RT

Trs : KKO

# ဘရာဇီးနိုင်ငံ၌ တည်းခိုရိပ်သာမီးလောင်မှုဖြစ်ပွား အနည်းဆုံး ၁၀ ဦးသေဆုံး၍ ၁၁ ဦးဒဏ်ရာရရှိ



**ရီယိုဒီဂျနေရိုး မေ ၂၈**

ဘရာဇီးနိုင်ငံ တောင်ပိုင်း ပေါ်တိုအလီဂရီမြို့၌ တည်းခိုရိပ်သာတစ်လုံး မေ ၂၇ ရက်တွင် မီးလောင်ကျွမ်းခဲ့ရာ အနည်းဆုံး လူ ၁၀ ဦး သေဆုံးခဲ့ရကြောင်း ဘရာဇီးတာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

တည်းခိုရိပ်သာမီးလောင်ကျွမ်းမှုကို မီးသတ်တပ်ဖွဲ့အနေဖြင့် နှစ်နာရီအတွင်း ထိန်းချုပ်နိုင်ခဲ့ပြီး ပျောက်ဆုံးနေဖွယ် ရှိသူများကို ရှာဖွေနေကြောင်း ဘရာဇီးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

တည်းခိုရိပ်သာ မီးလောင်မှုကြောင့် အနည်းဆုံး လူပေါင်း ၁၁ ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဘရာဇီးတာဝန်ရှိသူများက တည်းခိုရိပ်သာ မီးလောင်မှုနောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

အဆိုပါ တည်းခိုရိပ်သာသည် တရားဝင်လုပ်ငန်း လိုင်စင်မရှိဘဲ ဖွင့်လှစ်ထားသည့် တည်းခိုရိပ်သာဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့၏ အဆိုအရ သိရသည်။

ထို့ပြင် အခန်းများမှာလည်း တစ်ခန်းနှင့်တစ်ခန်း လွန်စွာနီးကပ်လှသည်ဖြစ်ရာ မီးလောင်မှုဖြစ်ပွားချိန်တွင် ဧည့်သည်များအနေဖြင့် လွတ်မြောက်ရန် ခက်ခဲခဲ့ရသည်ဟု ဘရာဇီးတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# မေ ၃၀ ရက်တွင် သမ္မတသစ်ကိုမဲပေးရွေးချယ်ရန် ဟေတီအသွင်ကူးပြောင်းရေးကောင်စီ စီစဉ်



**ပေါ်တိုပရင့်စ် မေ ၂၈**

ဟေတီ အသွင်ကူးပြောင်းရေးကောင်စီသည် မေ ၃၀ ရက်တွင် ဟေတီသမ္မတကို မဲခွဲရွေးချယ်မည်ဖြစ်ကြောင်း မေ ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လက်နက်ကိုင်ဂိုဏ်းအုပ်စုများ၏ ဆူပူသောင်းကျန်းမှုများနှင့် ရင်ဆိုင်နေရစဉ် ဟေတီနိုင်ငံကို ပြန်လည်ထိန်းချုပ်နိုင်ရေးအစီအစဉ်အရ ဟေတီသမ္မတသစ်ကို မဲခွဲရွေးချယ်ရန် ဟေတီအသွင်ကူးပြောင်းရေးကောင်စီက စီစဉ်ထားခြင်းဖြစ်သည်။

ဟေတီနိုင်ငံရေး အသွင်ကူးပြောင်းမှုကောင်စီသည် မေ ၂၅ ရက်တွင် နိုင်ငံတော်အုပ်ချုပ်ရေးတာဝန်များကို စတင်ရယူခဲ့သည်။

ဟေတီဝန်ကြီးချုပ် အာရီရယ် ဟင်နရီရာထူးမှ နုတ်ထွက်ခဲ့သည့်နေ့မှာပင် အသွင်ကူးပြောင်းရေးကောင်စီက ဟေတီနိုင်ငံ၏အုပ်ချုပ်ရေးအာဏာကို စတင်ရယူခဲ့ခြင်းဖြစ်သည်။

ဟေတီနိုင်ငံရေး အသွင်ကူးပြောင်းမှုကောင်စီသည် ဟေတီနိုင်ငံကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလထိတိုင် နိုင်ငံကို ဦးဆောင်ခွင့်ရရှိထားသည်။

ဟေတီနိုင်ငံသည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် ရွေးကောက်ပွဲများကျင်းပရန်စီစဉ်ထားရာ အသွင်ကူးပြောင်းရေးကောင်စီအနေဖြင့် ယင်းရွေးကောက်ပွဲများကို ကြီးကြပ်ကျင်းပပေးရမည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ယူကရိန်းမောင်းသူမဲ့လေယာဉ်များကို ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များ ပစ်ချ

**မော်စကို မေ ၂၈**

ရုရှားနယ်မြေ အတွင်းသို့ ယူကရိန်းစစ်ဘက်က စေလွှတ်ခဲ့သောမောင်းသူမဲ့လေယာဉ်၁၇ စင်းကို ရုရှားလေကြောင်းရန်ကာကွယ်ရေးစနစ်များက ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံ ကာလူဂါဒေသရှိ ရေနံသိုလှောင်ရေးစခန်းတစ်ခုကို တိုက်ခိုက်ရန် ယူကရိန်းစစ်ဘက်က အဆိုပါ မောင်းသူမဲ့လေယာဉ်များကို စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားသည်။

ယူကရိန်းက စေလွှတ်လိုက်သည့် အဆိုပါမောင်းသူမဲ့လေယာဉ်များအနက် သုံးစင်းကို ကာလူဂါဒေသ၌လည်းကောင်း၊ ကိုးစင်းကို ဘရိုင်ယန့်ခ်ဒေသ၌ ပစ်ချခဲ့ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

ကျန် မောင်းသူမဲ့လေယာဉ် သုံးစင်းကို ချဲ့ခ်ဒေသတွင်လည်းကောင်း၊ နှစ်စင်းကို ဘယ်လ်ဂိုရော့ဒ်ဒေသတွင်လည်းကောင်း ပစ်ချခဲ့ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

ယူကရိန်းနိုင်ငံသည် ရုရှားနိုင်ငံအတွင်းရှိ စစ်ရေးအခြေခံအဆောက်အအုံများ၊ စွမ်းအင်အခြေခံ အဆောက်အအုံများနှင့် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများကို မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်လေ့ရှိသည်။

ရုရှားနိုင်ငံကလည်း ယူကရိန်း၏ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများကို လေကြောင်းတိုက်ခိုက်မှုများဖြင့် တုံ့ပြန်လေ့ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# ကမ္ဘောဒီးယားစစ်စခန်းတစ်ခု၌ ခဲယမ်းမီးကျောက်ပေါက်ကွဲမှုဖြစ်ပွား လက်နက်ကိုင်တပ်ဖွဲ့ဝင် ဦးရေ ၂၀ သေဆုံး

**ဖနွမ်းပင် မေ ၂၈**

ကမ္ဘောဒီးယားနိုင်ငံ အနောက်တောင်ပိုင်းရှိ စစ်စခန်းတစ်ခု၌ မေ ၂၇ ရက်က ခဲယမ်းမီးကျောက် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လက်နက်ကိုင်တပ်ဖွဲ့ဝင် ဦးရေ ၂၀ သေဆုံးခဲ့ရကြောင်း သိရသည်။

ခဲယမ်းမီးကျောက်ပေါက်ကွဲမှုကြောင့် စစ်စခန်းအတွင်းရှိ သိုလှောင်ရုံသုံးလုံးနှင့် အလုပ်ရုံတစ်လုံး ပျက်စီးခဲ့ပြီး စစ်သုံးယာဉ်အချို့လည်း ပျက်စီးခဲ့ရကြောင်း ကမ္ဘောဒီးယားစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ခဲယမ်းမီးကျောက် ပေါက်ကွဲမှုအတွင်း ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်အချို့လည်း ဒဏ်ရာများရခဲ့ကြောင်း သိရသည်။

ခဲယမ်းမီးကျောက် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာစစ်စခန်းမှာ ကမ်ပေါင်စပျူးပြည်နယ်၌ တည်ရှိကြောင်း သိရသည်။



လက်ရှိအချိန်တွင် ခဲယမ်းမီးကျောက်ပေါက်ကွဲမှုဖြစ်ပွားရခြင်း အကြောင်းရင်းကို ကမ္ဘောဒီးယားစစ်ဘက်က စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

စစ်စခန်း ခဲယမ်းမီးကျောက်ပေါက်ကွဲမှုသတင်းကြောင့် မိမိအနေဖြင့် တုန်လှုပ်ခဲ့ရသည်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက ဥရောပ၏ ဂယ်လီလီယိုဂြိုဟ်တုတည်နေရာပြနှင့် လမ်းကြောင်းပြစနစ်ဂြိုဟ်တုများကို ဧပြီ ၂၇ ရက်တွင် လွှတ်တင်ခဲ့



**ဝါရှင်တန် ဧပြီ ၂၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဥရောပ၏ ဂယ်လီလီယိုဂြိုဟ်တုတည်နေရာပြနှင့် လမ်းကြောင်းပြစနစ် ဂြိုဟ်တုများကို ဧပြီ ၂၇ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဂယ်လီလီယိုဂြိုဟ်တုသစ် နှစ်စင်းကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် ဧပြီ ၂၇ ရက် မစ်ရှင်ဖြင့် ဥရောပ၏ ဂယ်လီလီယိုဂြိုဟ်တုများကို ပထမဆုံးအကြိမ်အဖြစ် တာဝန်ယူလွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

ဥရောပကော်မရှင်သည် ယခင်က ဂယ်လီလီယို ဂြိုဟ်တုများကို လွှတ်တင်ရာတွင် ရုရှားနိုင်ငံ၏ ဆိုယုဇ်ဒုံးပျံနှင့် ဥရောပအာကာသအေဂျင်စီ၏ အာရီယာနီ-၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် ယခုနှစ်အတွင်း ဂယ်လီလီယိုဂြိုဟ်တု လေးစင်းကို နှစ်သုတ်ခွဲ၍ လွှတ်တင်ပေးရန် ဥရောပကော်မရှင်နှင့် သဘောတူညီချက် ရယူထားကြောင်း သိရသည်။

ဥရောပကော်မရှင်သည် လက်ရှိအချိန်တွင် ဂယ်လီလီယိုဂြိုဟ်တုတည်နေရာပြစနစ်အတွက် ဂယ်လီလီယိုဂြိုဟ်တုပေါင်း ၂၈ စင်း လွှတ်တင်ထားပြီး ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နေအဖွဲ့အစည်းပြင်ပဂြိုဟ်များ၌ သက်ရှိများရှိနေနိုင်မှု၏အထောက်အထားများကို K2-18b ဂြိုဟ်တစ်စင်းပေါ်တွင် သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဧပြီ ၂၈**

နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များ၌ သက်ရှိများ ရှိနေနိုင်မှု၏ အထောက်အထားများကို K2-18b အမည်ရှိ ဂြိုဟ်တစ်စင်းပေါ်တွင် သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထားကြောင်း ဧပြီ ၂၇ ရက် သတင်းများအရ သိရသည်။

K2-18b ဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၂၀ အကွာတွင် တည်ရှိပြီး အရွယ်အစားအားဖြင့် ကမ္ဘာမြေထက်နှစ်ဆ ပိုမိုကြီးမားကြောင်း သိရသည်။

အဆိုပါဂြိုဟ်၏ လေထုလွှာအတွင်း ဒိုင်မီသိုင်းဆာလ်ဖိုက်ဓာတ်ငွေ့များတည်ရှိမှုကို အမေရိကန် အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က အတည်ပြုနိုင်ဖွယ်ရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ဒိုင်မီသိုင်းဆာလ်ဖိုက်ဓာတ်ငွေ့သည် ကမ္ဘာပေါ်၌ သက်ရှိများက သာထုတ်ပေးနိုင်သည့်ဓာတ်ငွေ့မျိုးဖြစ်ရာ K2-18b ဂြိုဟ်ပေါ်၌ သက်ရှိများရှိနေနိုင်ကြောင်း ပြသနေသည့် သက်သေဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားသည်။



K2-18b ဂြိုဟ်၏ လေထုလွှာအတွင်း ဒိုင်မီသိုင်းဆာလ်ဖိုက်ဓာတ်ငွေ့တည်ရှိမှုကို အတည်ပြုနိုင်ရေးအတွက် အဆိုပါဂြိုဟ်ကို ဂျိမ်းစ်ဝက်ဘ် အာကာသ ရေဒီယိုတယ်လီစကုပ်ဖြင့် လေ့လာရန် သိပ္ပံပညာရှင်များက စီစဉ်ထားကြောင်း သိရသည်။

K2-18b ဂြိုဟ်၏လေထုလွှာအတွင်း ရေငွေ့များတည်ရှိနေမှုကိုလည်း နိုင်ငံတကာ သိပ္ပံပညာရှင်များက ၂၀၁၉ ခုနှစ်တွင် ဖော်ထုတ်တွေ့ရှိထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ချန်အာ-၆ လဆင်းယာဉ် လွှတ်တင်ရေးအတွက် တရုတ်အမျိုးသားအာကာသအေဂျင်စီ ပြင်ဆင်မှုများစတင်ပြုလုပ်နေ

**ပေကျင်း ဧပြီ ၂၈**

ချန်အာ-၆ လဆင်းယာဉ်ကို လွှတ်တင်ရေးအတွက် တရုတ်အမျိုးသားအာကာသအေဂျင်စီက ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ဧပြီ ၂၇ ရက် သတင်းများအရ သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ဧပြီ ၂၇ ရက်တွင် ချန်အာ-၆ လဆင်းယာဉ်နှင့် လောင်းမတ်ချ်-၅ ဝိုင် ၈ ဒုံးပျံကို ဟိုင်နန်ကျွန်း ဝန်ချန်အာကာသစခန်း ပစ်လွှတ်နယ်မြေသို့ပို့ဆောင်ထားကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ချန်အာ-၆ လဆင်းယာဉ်ကို မေလအတွင်း သင့်လျော်သည့်အချိန်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

ပစ်လွှတ်နယ်မြေသို့ ပို့ဆောင်ပြီးနောက် တရုတ်အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများသည် ချန်အာ-၆ လဆင်းယာဉ်နှင့် လောင်းမတ်ချ်-၅ ဝိုင် ၈ ဒုံးပျံကို စစ်ဆေးစမ်းသပ်မှု၊ လောင်စာရည်ဖြည့်တင်းမှုများ ပြုလုပ်မည်ဖြစ်သည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီအနေဖြင့် ချန်အာ-၆ လဆင်းယာဉ်ကို မေ ၃ ရက်တွင် လွှတ်တင်နိုင်ဖွယ်ရှိသည်။

ချန်အာ-၆ လဆင်းယာဉ်သည် လကမ္ဘာ အခြားဘက်ခြမ်းရှိ ကျောက်သားနမူနာများကို ရယူပေးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## မီလာနိုးမား အရေပြားကင်ဆာကာကွယ်ဆေးကို ဗြိတိန်နိုင်ငံ၌ နောက်ဆုံးအဆင့်စမ်းသပ်နေ

**လန်ဒန် ဧပြီ ၂၈**

ကမ္ဘာ့ပထမဆုံး မီလာနိုးမား (Melanoma) အရေပြားကင်ဆာရောဂါကာကွယ်ဆေးကို ဗြိတိန်နိုင်ငံ၌ နောက်ဆုံးအဆင့် စမ်းသပ်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဧပြီ ၂၇ ရက် သတင်းများအရ သိရသည်။

အဆိုပါ အရေပြားကင်ဆာရောဂါကာကွယ်ဆေးသည် mRNA အမျိုးအစား ကာကွယ်ဆေးဖြစ်ပြီး ဆီးအိတ်ကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကျောက်ကပ်ကင်ဆာများကိုလည်း တားဆီးပေးနိုင်ဖွယ်ရှိကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ယခင်ပြုလုပ်ထားသည့် ပထမအဆင့်နှင့် ဒုတိယအဆင့်စမ်းသပ်မှုများတွင် အဆိုပါကာကွယ်ဆေးသည် လူနာများ၌ အရေပြားကင်ဆာတစ်ကျော့ ဖြစ်ပေါ်နိုင်ခြေကို လျှော့ချပေးနိုင်သည်ကို သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားသည်။

လက်ရှိပြုလုပ်နေသည့် နောက်ဆုံးအဆင့်စမ်းသပ်မှုကို လန်ဒန်တက္ကသိုလ်မှ ဆေးပညာရှင်များက ပြုလုပ်နေခြင်းဖြစ်သည်။

အဆိုပါ အရေပြားကင်ဆာကာကွယ်ဆေးသည် လူတစ်ဦးချင်းအတွက် စိတ်ကြိုက်ထိုးနှံပေးနိုင်သော ထိုးဆေးမျိုးဖြစ်ပြီး လူနာ၏ကင်ဆာဆဲလ်များကို ရှင်းထုတ်ရေးအတွက် လူ့ခုခံအားစနစ်ကို စေ့ဆော်ပေးကြောင်း သိရသည်။

မီလာနိုးမားအရေပြားကင်ဆာသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ လူပေါင်း ၁၃၂၀၀၀ ခန့် နှစ်စဉ် ရင်ဆိုင်နေရသည့်ပြဿနာဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ရိုးရိုးလှေကား အတက်အဆင်းပြုလုပ်သူများတွင် နှလုံးကျန်းမာရေးပြဿနာများပေါ်နိုင်ခြေနည်းပါး

**လန်ဒန် ဧပြီ ၂၈**

ဓာတ်လှေကားဖြင့် အတက်အဆင်းလုပ်မည့်အစား ရိုးရိုးလှေကားဖြင့် အတက်အဆင်းပြုလုပ်သူများတွင် နှလုံးကျန်းမာရေးပြဿနာများပေါ်နိုင်ခြေ နည်းပါးကြောင်း သုတေသနပညာရှင်များက ဧပြီ ၂၇ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ အရှေ့အင်ဂျလီယာတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ရိုးရိုးလှေကားအတက်အဆင်းပြုလုပ်ခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုနိုင်မှု ရှိ၊ မရှိ ဖော်ထုတ်ရေးအတွက် အသက် ၃၅ နှစ်နှင့် ၈၄ နှစ်ကြား လူပေါင်း ၅၀၀၀၀၀ ခန့်ကိုလေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဓာတ်လှေကားအစား ရိုးရိုးလှေကားဖြင့် အတက်အဆင်းပြုလုပ်သူများတွင် နှလုံးရှတ်တရက် ဖောက်မှုအပါအဝင် နှလုံးကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေ ၃၉ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဓာတ်လှေကားအစား ရိုးရိုးလှေကားဖြင့် အတက်အဆင်းပြုလုပ်မှုသည် နှလုံးကျန်းမာရေးကို အထောက်အကူပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နိုင်ငံတကာ ဆေးပညာရှင်များ ယခင်ကပြုလုပ်ခဲ့သော လေ့လာချက်များတွင်လည်း လှေကားအတက်အဆင်းကို လေ့ကျင့်ခန်းအဖြစ် သဘောထားပြုလုပ်ပါက နှလုံးကြွက်သားများ သန်မာရေးအတွက် အထောက်အကူပြုနိုင်ကြောင်း တင်ပြခဲ့ကြပြီးဖြစ်သည်။

ထို့ပြင် လှေကားအတက်အဆင်းပြုလုပ်မှုသည် နှလုံးကျန်းမာရေးကို စစ်ဆေးနိုင်သည့် လွယ်ကူသောနည်းလမ်းဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဘရန့်ဖို့ဒ်ကို အနိုင်ရခဲ့သည့် အဲဗာတန်အသင်း ပရီးမီးယားလိဂ်တွင် ဆက်လက်ကစားခွင့်ရရှိခဲ့

**လန်ဒန် မေ ၂၈**

အဲဗာတန် အသင်းသည် ဘရန့်ဖို့ဒ်အသင်းနှင့် ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲအလိုတွင် တန်းဆင်းဇုန်မှ လွတ်မြောက်သွားခဲ့ပြီး လာမည့်နှစ် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဆက်လက်ကစားခွင့်ရရှိခဲ့သည်။

အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃၅) တွင် အဲဗာတန်အသင်းက ဘရန့်ဖို့ဒ်အသင်းကို ပွဲကစားချိန် မိနစ် ၆၀ အရောက်တွင် ဂီရီ၏သွင်းဂိုးဖြင့် အနိုင်ရခဲ့သော်လည်း လူတန်အသင်းက ဝုဗ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် လက်ကျန် သုံးပွဲအလိုတွင် အဲဗာတန်အသင်းက ရမှတ် ၃၆ မှတ်ရရှိခဲ့ပြီး အဆင့်(၁၅) သို့ တက်ရောက်ခဲ့ကာ အဆင့်(၁၈)မှ လူတန်အသင်းနှင့် ရမှတ် ၁၁ မှတ်ထိ ကွာဟသွားသောကြောင့် တန်းဆင်းဇုန်မှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အဲဗာတန်အသင်းကို ရှုံးနိမ့်ခဲ့သည့် ဘရန့်ဖို့ဒ်အသင်းကလည်း ရမှတ် ၃၅ မှတ်ဖြင့် အဆင့်(၁၆)တွင် ရပ်တည်နိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဆက်လက်ကျန်ရှိခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ၃၅ ပွဲအပြီးတွင် အမှတ်ပေးဇယားအောက်ဆုံးမှ ရှက်ဖီးလ်(U) အသင်းသာ တန်းဆင်းရန် သေချာခဲ့ပြီး လက်ကျန်နှစ်နေရာအတွက် ရမှတ် ၂၄ မှတ်ဖြင့် အဆင့်(၁၉)တွင် ရပ်တည်နေသည့် ဘန်လေအသင်း၊ ရမှတ် ၂၅ မှတ်ဖြင့် အဆင့်(၁၈) တွင်ရှိနေသည့် လူတန်အသင်း၊ ရမှတ် ၂၆ မှတ်ဖြင့် အဆင့်(၁၇) တွင်ရပ်တည်နေသည့် နော်တင်ဟမ်အသင်းတို့က လာမည့်ပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါသုံးသင်းမှ တစ်သင်းသာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဆက်လက်ကစားခွင့်ရရှိမည် ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**



# အမျိုးသမီးချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ ဘာစီလိုနာအမျိုးသမီးအသင်း သုံးကြိမ်ဆက်တိုက်ရောက်



**ဘာစီလိုနာ မေ ၂၈**

အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့တွင် ဘာစီလိုနာအသင်းက ချဲလ်ဆီး အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲသို့ သုံးကြိမ်ဆက် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအမျိုးသမီး အသင်းသည် ဆီမီးဖိုင်နယ်ပထမအကျော့တွင် အဝေးကွင်း၌ ဘာစီလိုနာအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယအကျော့ အိမ်ကွင်းပွဲစဉ်၌ ဘာစီလိုနာအသင်း၏ ထိန်းချုပ်မှုကိုခံခဲ့ရကာ ပွဲချိန် ၂၅ မိနစ်တွင် ဦးဆောင်ဂိုး ပေးခဲ့ရပြီးနောက် ဒုတိယပိုင်းတွင် ချေပဂိုးရရှိရေး ကစားအား မြှင့်တင်ခဲ့သော်လည်း ဇဟိုခံစစ် ကစားသမားတစ်ဦး အနီကတ်ဖြင့် ထုတ်ပယ်ခံရသဖြင့် ကစားအား ကျဆင်းသွားခဲ့ရာ ပွဲကစားချိန် ၇၅ မိနစ်တွင် ဘာစီလိုနာအသင်းက ပင်နယ်တီမှ တစ်ဆင့် ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် နှစ်ကျော့ ပေါင်းရလဒ် နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

လက်ရှိချန်ပီယံ ဘာစီလိုနာ အမျိုးသမီးအသင်း အနေဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သဖြင့် ယခုတစ်ကြိမ်အပါအဝင် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီနှင့် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတို့တွင် ဗိုလ်လုပွဲသို့ သုံးနှစ်ဆက် တက်ရောက်နိုင်သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဗိုလ်လုပွဲစဉ်တွင် လိုင်ယွန်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့မှ အနိုင်ရသည့်အသင်းနှင့် တွေ့ဆုံမည်ဖြစ်ပြီး လိုင်ယွန်အသင်းက ပထမအကျော့တွင် ပီအက်စ်ဂျီအသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရထားသဖြင့် ဒုတိယအကျော့တွင် သရေရလဒ် ကစားနိုင်ခဲ့ပါက ဗိုလ်လုပွဲသို့တက်ရောက်ရန် အခွင့်အရေးများရှိနေကာ ဗိုလ်လုပွဲစဉ်ကို လာမည့် မေ ၂၅ ရက်တွင် စပိန်နိုင်ငံ ဘီလ်ဘာအိုမြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ပရီးမီးယားလိဂ်တွင် ပေးဂိုးအများဆုံးဖြင့် တန်းဆင်းခဲ့ရသည့်အသင်းအဖြစ် ရှက်ဖီးလ်(U) အသင်းမှတ်တမ်းဝင်

**လန်ဒန် မေ ၂၈**

ပရီးမီးယားလိဂ်ပွဲစဉ် (၃၅) တွင် နယူးကာဆယ်အသင်းက ရှက်ဖီးလ်(U) အသင်းကို ငါးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ရှက်ဖီးလ်(U) အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပေးဂိုး ၉၇ ဂိုးထိရှိလာခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပေးဂိုးအများဆုံးဖြင့် တန်းဆင်းခဲ့ရသည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ရှက်ဖီးလ်(U) အသင်းသည် ပွဲစဉ် ၃၅ အပြီးတွင် ရမှတ် ၁၆ မှတ်သာ ရရှိခဲ့ပြီး အဆင့်(၁၇)မှ နော်တင်ဟမ်အသင်းနှင့် ရမှတ် ၁၀ မှတ်ထိ ကွာဟသွားခဲ့ပြီး လက်ကျန်ပွဲ သုံးပွဲအလိုတွင် ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရသည့်အပြင် ခံစစ်ပိုင်းကလည်း ပေးဂိုး ၉၇ ဂိုးထိ ခွင့်ပြုခဲ့ရသောကြောင့် ပေးဂိုးအများဆုံးဖြင့် တန်းဆင်းခဲ့ရသည့် မှတ်တမ်းဆိုးကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

၎င်းတို့အသင်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် နယူးကာဆယ်အသင်းကို ပထမအကျော့တွင် ရှစ်ဂိုး ဂိုးမရှိ၊ ဘန်လေအသင်းကို ငါးဂိုး ဂိုးမရှိ၊ အာဆင်နယ်အသင်းကို ခြောက်ဂိုး ဂိုးမရှိစသည့် ဂိုးပြတ်ရှုံးနိမ့်သည့်ပွဲစဉ် များပြားခဲ့သောကြောင့် ပရီးမီးယားလိဂ်သမိုင်းတွင် ၁၉၉၄-၁၉၉၅ ဘောလုံးရာသီက ပေးဂိုး ၁၀၀ ဖြင့် တန်းဆင်းခဲ့ရသည့် ဆွင်ဒန်တောင်းအသင်း၏ စံချိန်ကိုလိုက်မီရန် သုံးဂိုးသာကျန်တော့ပြီး လက်ကျန်ပွဲစဉ်များတွင် ပေးဂိုး သုံးဂိုးနှင့်အထက်ရှိခဲ့ပါက သမိုင်းတစ်လျှောက်တွင် ပေးဂိုးအများဆုံးဖြင့် တန်းဆင်းရသည့် အသင်းဖြစ်လာမည်ဖြစ်သည်။

ထို့ပြင် ရှက်ဖီးလ်(U)အသင်းသည် အင်္ဂလန်လိဂ်အဖွဲ့ချုပ်က ချမှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းကို ချိုးဖောက်ခဲ့ပြီး အခြားကလပ်အသင်းများကို အကြွေးဆပ်ရန် ပျက်ကွက်ခဲ့မှုကြောင့် လာမည့်နှစ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ပြိုင်ပွဲမစတင်ကတည်းက ရမှတ်နှစ်မှတ် လျှော့ပြစ်ဒဏ်ဖြင့် စတင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ဖရန့်ဖတ်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရသည့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး ဟယ်ရီကိန်းအနေဖြင့် ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ပွဲဦးထွက်ဘောလုံးရာသီ၌ သွင်းဂိုး ၃၅ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ဂတ်မူလာ၊ လီဝမ်ဒေါ်စကီးတို့နောက်ပိုင်း သွင်းဂိုးအများဆုံးကစားသမား ဖြစ်လာခဲ့ကြောင်း သိရသည်။
- နော်တင်ဟမ်အသင်းက အငှားခေါ်ယူထားသည့် ခံစစ်ကစားသမား မွန်တီရယ်ကို အပြီးသတ်ခေါ်ယူမည်မဟုတ်ဘဲ ဆီဗီလာအသင်းသို့ ပြန်လည်စေလွှတ်မည်ဖြစ်သောကြောင့် ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းက လာမည့်ရာသီတွင် မွန်တီရယ်ကိုခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။
- ဘွန်ဒက်လီဂါအမှတ်ပေးပွဲစဉ်တွင် စတုဂတ်အသင်းကို နောက်ကျသွင်းဂိုးဖြင့် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ကစားနိုင်ခဲ့သည့် လေဗာကူဆင်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၆ ပွဲဆက် ရှုံးပွဲမရှိသည့်စံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

**ML**

## အီတလီစီးရီးအေ ပွဲစဉ် (၃၄) ရလဒ်

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၂ | - | ၀ | တိုရီနို |
| ဘိုလော့ဂ်နာ | ၁ | - | ၁ | အူဒီးနိစ် |
| အတ္တလန်တာ | ၂ | - | ၀ | အမ်ပိုလီ |
| နာပိုလီ | ၂ | - | ၂ | ရိုးမား |

(၀၄၀)

# IBF စူပါဖယ်သာဝိတ်တန်းနှင့် WBC လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံဟောင်း ဂျိုးဆပ်ဒီယက်ဇ်ကို အော်စကာဒူအာတီ အနိုင်ရရှိ

**ဖရက်နို မေ ၂၈**

WBC လိုက်ဝိတ်တန်းချန်ပီယံ စိန်ခေါ်ခွင့်ရရှိရေးအတွက် ချန်ပီယံဟောင်းဖြစ်သူ အမေရိကန်လက်ဝှေ့သမား ဂျိုးဆပ်ဒီယက်ဇ်နှင့် မက္ကဆီကိုလက်ဝှေ့သမား အော်စကာဒူအာတီတို့ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဖရက်နိုမြို့တွင် မေ ၂၇ ရက်တွင် ထိုးသတ်ခဲ့ရာ အော်စကာဒူအာတီက ကိုးချီမြောက်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ချန်ပီယံဟောင်းဖြစ်သူ ဂျိုးဆပ်ဒီယက်ဇ်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ရှုံးနိမ့်ခဲ့ရသည့်ပွဲစဉ်များ ရှိခဲ့ဖူးသော်လည်း ဒိုင်ပွဲရပ်ရလဒ်ဖြင့် တစ်ကြိမ်တစ်ခါမျှ ရှုံးနိမ့်ခဲ့ဖူးခြင်းမရှိသေးသည့် ကစားသမားဖြစ်သည်။

အော်စကာဒူအာတီ အနေဖြင့် ကမ္ဘာ့ချန်ပီယံဟောင်းများကို နိုင်ပွဲတစ်ကြိမ်တစ်ခါမျှ ရရှိခဲ့ဖူးခြင်းမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် ကမ္ဘာ့ချန်ပီယံဟောင်းတစ်ဦးကို ပထမဦးဆုံးအကြိမ် အနိုင်ရဖူးခြင်းဖြစ်ပြီး ဂျိုးဆပ်ဒီယက်ဇ်အား နိုင်ပွဲရပ်ရလဒ်ဖြင့် ပထမဦးဆုံးအကြိမ် အနိုင်ရခဲ့ဖူးသော လက်ဝှေ့သမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဂျိုးဆပ်ဒီယက်ဇ်အား ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ထိုးသတ်နိုင်ခဲ့ပြီး နောက်ပိုင်း အော်စကာဒူအာတီသည် ချန်ပီယံများအား စိန်ခေါ်နိုင်သူအဖြစ် ရပ်တည်နိုင်ခဲ့သလို စောင့်ကြည့်ရမည့် လက်ဝှေ့သမားအဖြစ်လည်း သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။



**Ref : Xinhua**
**Trs : AZL**

# MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(D)တွင် သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



**ရန်ကုန် မေ ၂၈**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(D) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပခဲ့ရာ သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(D) ပွဲစဉ်များအဖြစ် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပဒုမ္မာ အားကစားကွင်း၌ မြဝတီအက်ဖ်စီ အသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ သစ္စာအားမာန် အသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခြောက်မိနစ်တွင် စောမျိုးဇော်ကလည်းကောင်း၊ ပွဲချိန် ၁၆ မိနစ်နှင့် ၃၁ မိနစ်တွင် နိုင်ဝင်းထွန်းကလည်းကောင်း၊ ပွဲချိန် ၁၇ မိနစ်တွင် မင်းမော်ဦးက လည်းကောင်း အသီးသီး သွင်းယူပေးနိုင်ခဲ့ပြီး မြဝတီအက်ဖ်စီ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၆ မိနစ်တွင် ကောင်းစည်သူက လည်းကောင်း၊ ပွဲချိန် ၆၂ မိနစ်တွင် ကောင်းထက်လင်းကလည်းကောင်း အသီးသီး သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီ တက္ကသိုလ် အားကစားကွင်းတွင် ရက္ခပူရ ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ပွဲစဉ်တွင် ISPE အသင်းက ခြောက်ဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် တစ်မိနစ်နှင့် ပထမပိုင်းအချိန်ပို သုံးမိနစ်တွင် ဝင်းပြည့်မောင်က လည်းကောင်း၊ ပွဲချိန် ၁၆ မိနစ်တွင် သန်းတိုးအောင်က လည်းကောင်း၊ ပထမပိုင်းအချိန်ပို တစ်မိနစ်တွင် နိုင်နိုင်ကျော်က လည်းကောင်း၊ ပွဲချိန် ၇၆ မိနစ်တွင် ဇညားသိန်းက လည်းကောင်း၊ ပွဲချိန် ၈၉ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့်သိန်းဇော်သီဟကလည်းကောင်း အသီးသီး သွင်းယူနိုင်ခဲ့သည်။

ရက္ခပူရ ယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၉၄ မိနစ်တွင် ကာမာရာက သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# LIV Adelaide ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဘရင်ဒန်စတီလီ ဆွတ်ခူး



**အဒီလိုက်ဒ် မေ ၂၈**

သြစတြေးလျနိုင်ငံ အဒီလိုက်ဒ်မြို့တွင် ကျင်းပခဲ့သော LIV Adelaide ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘရင်ဒန်စတီလီက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား အိုသောင်ဇန်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်း၊ တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ဘာမက်စတာ၊ ရှဝက်ဇယ်၊ ချီလီ ဂေါက်သီးရိုက်ကစားသမား နီမန်း၊ အမေရိကန် ဂေါက်သီးရိုက်ကစားသမား အိုဂလီထရီးတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ဘရင်ဒန်စတီလီ အနေဖြင့် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့်အတွက် ဆုကြေးငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၄ သန်းထိ ရရှိသွားခဲ့ပြီး ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည့် အိုသောင်ဇန်က ၂ ဒသမ ၂၅ သန်း၊ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသော ပြိုင်ပွဲဝင်များက ၉၂၀၀၀၀ အထိ ရရှိခဲ့ကြသည်။

LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်သည် ဆုကြေးငွေပမာဏ မြင့်မားသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး PGA Tour ကို ယှဉ်ပြိုင်နိုင်ရေးအတွက်လည်း ဆုကြေးငွေမြှင့်တင်ပေးထားခြင်းလည်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ ဝင်ခွင့်ရကစားသမားစာရင်း မေလတွင် ထုတ်ပြန်မည်ဖြစ်ပြီး သက်ထားသူဇာ ဝင်ခွင့်ရရှိရန်နီးစပ်နေ

**ရန်ကုန် မေ ၂၈**

ကမ္ဘာ့ကြက်တောင် အဖွဲ့ချုပ် (BWF)က ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ ကြက်တောင်ပြိုင်ပွဲများအတွက် ဝင်ခွင့်ရရှိမည့် ကစားသမားစာရင်းကို မေလတွင် အတည်ပြုထုတ်ပြန်မည်ဖြစ်ပြီး မြန်မာကြက်တောင်မယ် သက်ထားသူဇာသည် ဒုတိယအကြိမ် ဝင်ခွင့်ရရှိရန်အတွက် နီးစပ်လျက် ရှိနေကြောင်း သိရသည်။

ကမ္ဘာ့ကြက်တောင် အဖွဲ့ချုပ် (BWF)က ၂၀၂၄ ပဲရစ်အိုလံပစ် ပြိုင်ပွဲ ကြက်တောင်ပြိုင်ပွဲများ အတွက် ဝင်ခွင့်သတ်မှတ်ချက်ကို ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် မေ ၁ ရက်မှစတင်ပြီး ယခုနှစ် ဧပြီ ၂၈ ရက် (ယနေ့)ထိ ယှဉ်ပြိုင်ခဲ့ကြသည့် အောင်မြင်မှုများအပေါ် မူတည်ကာ အဆင့်သတ်မှတ်သွားမည်ဖြစ်သည်။

ကမ္ဘာ့ကြက်တောင် အဖွဲ့ချုပ် (BWF)က ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ကစား သမား ၃၈ ဦးကို ရွေးချယ်သွားမည်ဖြစ်ပြီး ဝင်ခွင့်အဆင့် သတ်မှတ်ချက် အဆင့်(၁)မှ (၁၆)နေရာတွင် ရပ်တည်သူများအနေဖြင့် တစ်နိုင်ငံလျှင် ကစားသမားနှစ်ဦးသာ ပါဝင်ခွင့်ရရှိမည်ဖြစ်ကာ အဆင့်(၁၇) နောက်ပိုင်း ကစားသမားများအနေဖြင့် တစ်နိုင်ငံလျှင် တစ်ဦးသာ ပါဝင်ခွင့်ရရှိမည်ဖြစ်သည်။

မြန်မာ ကြက်တောင်မယ် သက်ထားသူဇာသည် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ ဝင်ခွင့်ရရှိရန် အတွက် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ် (BWF)သတ်မှတ်ထားသည့် ဝင်ခွင့်ကာလများတွင် ပြိုင်ပွဲအများစုကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခြင်းမရှိခဲ့သော်လည်း လိုအပ်သည့်ရမှတ်များကို စုဆောင်းနိုင်ခဲ့သောကြောင့် လက်ရှိတွင် ၂၀၂၄ ပဲရစ်အိုလံပစ် ဝင်ခွင့် အဆင့်သတ်မှတ်ချက်တွင် အဆင့်(၂၂)နေရာ၌ ရပ်တည်နေသည့်အတွက် ဝင်ခွင့်ရရှိရန် နီးစပ်နေခြင်းဖြစ်သည်။

သက်ထားသူဇာသည် ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲတွင်လည်း ဝင်ခွင့်ရရှိခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်မြောက် အိုလံပစ်ပြိုင်ပွဲဝင်ခွင့်အတွက် နီးစပ်နေကြောင်း သိရသည်။

STA

# မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို လာမည့် မေ ၁၉ ရက်တွင် ဟသ်ာတမြို့၌ ကျင်းပမည်

**ရန်ကုန် မေ ၂၈**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး ဧရာဝတီတိုင်းဒေသကြီး ရိုးရာလက်ဝှေ့ ဆပ်ကော်မတီနှင့် အားကစားနှင့် ကာယပညာ ဦးစီးဌာနတို့မှ ကြီးမှူးကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို လာမည့် မေ ၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ရှိ အားကစားနှင့် ကာယပညာ ဦးစီးဌာနခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို စိန်ခေါ်ပွဲတွဲဆိုင်း ခြောက်ဆိုင်းအပြင် မျိုးဆက်သစ် လူငယ်များအတွက်လည်း ကြားတွဲဆိုင်းများကို ထည့်သွင်း ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ငါးချီတွဲဆိုင်းအဖြစ် နိုင်အောင်ရှင် (Warriors)နှင့် စောကဲဒို (Holy Power)၊ လေးချီတွဲဆိုင်းအဖြစ် ဂေါ်ဒိုထူး(ရိုးရာကျား)နှင့် ဇော်သက်နောင် (ဝမ်ချူးကလပ်)၊ ညာလက်ရှုံး (ရောတိုက်ဂါးနှင့်) ကျော်မြတ်သူ (ကျားဘုရင်)တို့ ထိုးသတ်မည်ဖြစ်သည်။

အလားတူ သုံးချီစိန်ခေါ်ပွဲစဉ်များအဖြစ် ကောင်းထက်ဟိန်း (လုံးချော)နှင့် လားကပေါ်(ရိုးရာကျား)၊ ကောင်းထက်(လုံးချော)နှင့် ဆြာလောလု(ရိုးရာကျား)၊ နေကြီး (ရောတိုက်ဂါး)နှင့် မိုးထက် (Holy Power)တို့ ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

STA

# နည်းပြဖြစ်သူ အိုင်ဗန်နီစီဗစ်နှင့် လမ်းခွဲကြောင်း ဂျိုကိုဗစ် ထုတ်ပြန်ကြေညာ

**ဘဲလ်ဂရိတ် မေ ၂၈**

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် နည်းပြဖြစ်သူ အိုင်ဗန်နီစီဗစ်နှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ယနေ့တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

အိုင်ဗန်နီစီဗစ်နှင့် ဂျိုကိုဗစ်တို့သည် ငါးနှစ်တာကာလအကြာ လက်တွဲအလုပ်လုပ်ခဲ့ကြပြီး ယခုအခါ ရုတ်တရက် လမ်းခွဲလိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၁၉ ခုနှစ်မှ စတင်၍ ဂျိုကိုဗစ်၏ နည်းပြအဖြစ် တာဝန်ယူခဲ့သော အိုင်ဗန်နီစီဗစ်နှင့် ဂျိုကိုဗစ်တို့အကြား ဆက်ဆံရေးကောင်းများရှိသလို ဂျိုကိုဗစ်အနေဖြင့် အိုင်ဗန်နီစီဗစ်နှင့် စတင်လက်တွဲအလုပ်လုပ်သည့်နှစ်တွင် အောင်မြင်မှုများစွာရရှိခဲ့သလို တင်းနစ်လောကတွင် ဂရန်းစလန်းဆုဖလား အများဆုံးရရှိထားသည့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

အိုင်ဗန်နီစီဗစ်နှင့် ဂျိုကိုဗစ်တို့သည် ဆက်လက်လက်တွဲ အလုပ်လုပ်ရေးကိစ္စနှင့် ပတ်သက်ပြီး ပြီးခဲ့သည့် မတ်လနောက်ဆုံးအပတ်မှစတင်၍ အမေရိကန်နိုင်ငံ မီယာမီကမ်းခြေတွင် ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးမှုရလဒ်ကို ယနေ့မှသာ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်အနေဖြင့် နည်းပြတစ်ဦး ရှာဖွေသွားမည်ဖြစ်သလို အိုင်ဗန်နီစီဗစ်ကလည်း ကာလရှည် အနားယူမည်မဟုတ်ဘဲ ကစားသမားသစ်တစ်ဦးဖြင့် လက်တွဲအလုပ်လုပ်ရန်အတွက် ပြင်ဆင်နေပြီဖြစ်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

သို့သော်လည်း အိုင်ဗန်နီစီဗစ်သည် လာမည့်စက်တင်ဘာလ မတိုင်မီအထိ အနားယူသွားမည်ဖြစ်ပြီး အနားယူသည့်ကာလကုန်ဆုံးပါက ကစားသမားတစ်ဦး၏ နည်းပြအဖြစ် တာဝန်ယူပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

**ပြင်သစ်လီဂူး ပွဲစဉ် (၃၁) ရလဒ်**

| | | | | |
|---|---|---|---|---|
| မက်ဇ် | ၁ | - | ၂ | လိုင်လီ |
| ကလဲယားမောင့် | ၄ | - | ၁ | ရိမ်း |
| လိုရီယန့် | ၁ | - | ၂ | တူးလော့ |
| စထရာဘော့ | ၁ | - | ၃ | နိုက် |
| ရင်းနက် | ၄ | - | ၅ | ဘရက် |

**ပရီးမီးယားလိဂ် ပွဲစဉ် (၃၅) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၃ | - | ၀ | ဘရိုက်တန် |
| စပါး | ၂ | - | ၃ | အာဆင်နယ် |
| နော်တင်ဟမ် | ၀ | - | ၂ | မန်စီးတီး |

(၀၄၀)

# ပြည်သူ့စစ်မှုထမ်းဥပဒေ ပြည်သူတိုင်းသိပါစေ

ရွှေလင်းမြေသွန့်ကိုကို

တချို့က နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် တပ်မတော်အပေါ်၌သာ တာဝန်ရှိသည်ဟု ထင်မှတ်ကြသည်။ တစ်နည်းအားဖြင့် အရပ်သားများတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်မရှိ၊ တာဝန်ထမ်းဆောင်ရန်မလိုဟု ယူဆကြသည်။ မကြာသေးမီက အတည်ပြုလိုက်သဖြင့် အသက်ဝင်လာခဲ့သောပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ အမျိုးမျိုးဝေဖန်ပြောဆိုကြသည်မှာ အထက်တွင်ဖော်ပြခဲ့သော ထင်မြင်ချက်၊ ယူဆချက်များကြောင့် ဖြစ်သည်။ အမှန်စင်စစ် ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုလိုက်ခြင်းသည် အနာဂတ်နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် အရွယ်ရောက် လူငယ်တိုင်း၏ နိုင်ငံတော်ကာကွယ်နိုင်ရေးတို့ကို ပါဝင်ဆောင်ရွက်နိုင်ရန် ယခင်ပြဋ္ဌာန်းပြီးဥပဒေကို အသက်သွင်းပေးလိုက်ခြင်းသာဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုပြီးသည်နှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ လက်တွေ့ဆောင်ရွက်ရမည့် နည်းဥပဒေများ ရေးဆွဲခြင်းကို အဆင့်ဆင့်ပြုလုပ်ကြရသည်။ အများစုက ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း ကောင်းစွာနားမလည်ဘဲ မိမိထင်မြင်ရာများကို ပြောဆိုနေကြပေသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေကိုအတည်ပြု၍ တပ်မတော်တွင် လိုအပ်နေသော ကာကွယ်ရေးအင်အားကို အပူတပြင်း ဖြည့်ဆည်းတော့မည်၊ တပ်မတော်တွင် အင်အားအလွန်နည်းနေပြီဟု ဝါဒဖြန့်လှုံ့ဆော်ကြသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေတွင် အကျုံးဝင်သည့် လူငယ်လူရွယ် အသက်အပိုင်းအခြားများသည် ထိုဝါဒဖြန့်မှုကို ယုံကြည်ကာ တရားမဝင်အဖွဲ့အစည်းများရှိရာသို့ သွားရောက်ခိုဝင်ကြသည်များရှိသည်။ တကယ်တမ်းတွင် လူငယ်များပြည်သူ့စစ်မှုထမ်းဥပဒေကိုဆန့်ကျင်၍ ဥပဒေပျက်ပြားအောင် ကြံစည်ဖျက်ဆီးမှုများကြောင့် လူငယ်များလမ်းလွဲလိုက်ကြခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေတွင် သတ်မှတ်ထားသော အသက်အပိုင်းအခြားအလိုက် စစ်မှုထမ်းနိုင်မည့်သူကို ကျား၊ မ ခွဲခြား၍ လိုအပ်သလောက်သာ ခေါ်ယူကာ စစ်ပညာလေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ ဦးရေအကန့်အသတ်ဖြင့် ခေါ်ယူမည်ဖြစ်၍ အသက်အရွယ် အကျုံးဝင်သူတိုင်း တစ်ပြိုင်နက်တာဝန်ထမ်းဆောင်ရမည်မဟုတ်သည့်အပြင် လောလောဆယ်တွင် အမျိုးသမီးများကိုခေါ်ယူရန် အစီအစဉ်မရှိသေးချေ။ အသက်အရွယ် အကျုံးဝင်သူ၊ ကျန်းမာရေးကောင်းမွန်ပြီး တာဝန်ထမ်းဆောင်နိုင်မည့်သူများကိုသာ အကန့်အသတ်နှင့် ခေါ်ယူသွားမည်ဖြစ်သည်။ ထို့ကြောင့် အကြောင်းအကျိုး အခြေအမြစ်မရှိဘဲ ပူပန်ကြောင့်ကြစိတ်များဖြစ်နေကြသည်မှာ စစ်မရောက်မီမြားကုန်စေသည့် အတွေးမျိုးသာဖြစ်ချေမည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းရန် ခေါ်ယူရာ၌ အမျိုးသားဦးရေ ခြောက်သန်းကျော်မှ တစ်ရာခိုင်နှုန်းသာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်ရမည်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ ခေါ်ယူမည်သာဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ခြင်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေး အသိပညာ၊ အတတ်ပညာများတတ်မြောက်ခြင်း၊ အဖွဲ့အစည်းနှင့် လုပ်ကိုင်တတ်သည့်စိတ်ဓာတ်များ ရရှိခြင်း၊ နိုင်ငံချစ်စိတ်ရှိသူအချင်းချင်း၊ မိတ်ဆွေအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ စည်းကမ်းလိုက်နာတတ်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။ ယခုလောလောဆယ်တွင် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းကိစ္စနှင့်ပတ်သက်၍ လူမှုကွန်ရက်များတွင် ဖော်ပြနေသည့် သတင်းတုများကို အမှန်ဟုမယူဆဘဲ လက်တွေ့ကျစွာ လေ့လာပြီးမှသာ မှန်ကန်သည့် သတင်းအချက်အလက်များကို ရရှိမည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းခြင်းက ဘဝအာမခံချက်ရှိပြီး မိမိသမိုင်းလည်း လှပလိမ့်မည်။

စာရေးသူ၏ သားတပည့်လိုဖြစ်နေသော လူငယ်တစ်ဦးအကြောင်း အလျဉ်းသင့်၍ တင်ပြလိုသည်။ သူ့မိဘများသည် ချမ်းချမ်းသာသာထဲက မဟုတ်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်၍ အသက်မွေးကြသူများဖြစ်သည်။ သို့သော် ရိုးသားစွာ အသက်မွေးခြင်းဖြင့် ရပ်တည်နေသဖြင့် မချမ်းသာသည့်တိုင် စိတ်ချမ်းမြေ့စွာနေနိုင်ခဲ့သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေအရ သူတို့ရပ်ကွက်၊ အုပ်စု၌ လူငယ်များကို စစ်မှုထမ်းရန် စာရင်းစုဆောင်းရာတွင် စာရင်းဝင်ဖြစ်ရသည့်အခါ မည်သို့ရှောင်လွှဲရမည်နည်းဟု စဉ်းစားတော့သည်။ ထိုအခါ

**❖ ပြည်သူ့စစ်မှုထမ်းဥပဒေအောင်မြင်လာလျှင် နိုင်ငံသားတိုင်း စစ်ပညာကို သင်ကြားတတ်မြောက်သော မျိုးဆက်ကိုဖန်တီးနိုင်ပြီး ပြည်တွင်း၊ ပြည်ပ အဖျက်ရန်မှန်သမျှကို ကောင်းစွာဖြိုဖျက်နိုင်ကာ ပြည်သူများ အေးချမ်းစွာလုပ်ကိုင်စားသောက်နိုင်မည်ဖြစ်သည်။ ကလေးသူငယ်များကို ချမ်းမြေ့ပျော်ရွှင်စွာ ပညာသင်ကြားစေနိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားစိုက်လုပ်ကိုင်နိုင်ကြမည်။ အထူးသဖြင့် လူငယ်များကြားတွင် အမျိုးသားရေးစိတ်ဓာတ်မွေးမြူရှင်သန်မှုအားကောင်းလာပြီး အမျိုးသားသွေးစည်းညီညွတ်မှုကို အင်နှင့်အားနှင့် တည်ဆောက်လာနိုင်မည်ဖြစ်ပေသည်။ ❖**

လူငယ်တချို့သည် နိုင်ငံရေးခံယူချက်၊ နိုင်ငံရေးအသိ ရေရေရာရာမသိရှိဘဲ ဥပဒေမဲ့ သွေးထိုးလှုံ့ဆော်မှုများကိုယုံကြည်ကာ အကြမ်းဖက်အဖွဲ့အစည်းများသို့ ဆင်ကန်းတောတိုး ဝင်ရောက်သွားကြသည်။ ထိုအဖွဲ့အစည်းများတွင် တိကျသောစည်းကမ်း၊ ဥပဒေမရှိဘဲ ဘယ်သူသေသေ ငတေမာလျှင်ပြီးရော စိတ်ဓာတ်နှင့် အမြီးကျက် အမြီးစား၊ ခေါင်းကျက်ခေါင်းစားကြသူများသာ တရားမဝင်လုပ်ကိုင်နေကြခြင်းဖြစ်၍ လူငယ်တို့အတွက် မည်သည့်အာမခံချက်မှ မရှိပေ။ လူငယ်တို့အတွက် အမှားလမ်းဖြစ်ပြီး ဝင်ပြီးလျှင် ပြန်ထွက်၍မရအောင် ရက်စက်သော တားဆီးပိတ်ပင်မှုများနှင့် ဟန့်တားထားကြသည်။ အမျိုးသမီးငယ်များ၏ဘဝကား ဆုပ်လျှင်စူး၊ စားလျှင်ရူးအဖြစ်နှင့်ကြုံရပြီး ဘဝအမှောင်ကျ၍ လမ်းပျောက်သွားကြရသည်။ သို့သော် လူငယ်ဟူသည် ရဲဝံ့စွန့်စားတတ်သူများဖြစ်၍ အမှားကိုသိလျှင် အမှန်ကိုပြင်ရန် သတ္တိရှိရပေလိမ့်မည်။ ထိုသို့ သတ္တိရှိရှိ ရုန်းကန်၍ အမိရင်ခွင်သို့ ပြန်လည်စွန့်စားဝင်ရောက်နိုင်သူသာ ဘဝလမ်းမှန်ကို ပြန်လျှောက်နိုင်မည်။ လူငယ်တို့သည် မိမိဘဝဆုံး၊ ဘဝတုံးသွားမည့်နေရာတွင် တရားမဝင်နေထိုင်၍ သူတို့ခိုင်းသမျှ အဖျက်အမှောင့်ကြေးစား လုပ်ငန်းများကို မလုပ်ကိုင်ဘဲ ဥပဒေအောက်တွင်

စာရေးသူက အသက်စာရင်းဝင်တိုင်းအားလုံး ရွေးချယ်ခေါ်ယူမည်မဟုတ်ကြောင်း၊ ကြောက်လန့်စိုးရိမ်စရာလည်းမဟုတ်ကြောင်း၊ ဥပဒေအရ ပုံမှန်လုပ်ကိုင်ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း ရှင်းပြသောအခါမှ လက်ခံသွားပါသည်။ အမှန်တကယ် လူကိုခေါ်ယူစစ်ဆေးသောအခါတွင် ငယ်စဉ်ကဖြစ်ခဲ့သော ကိုယ်လက်အင်္ဂါချို့တဲ့၍ မသန်စွမ်းမှုကြောင့် လောလောဆယ်တွင် ပြည်သူ့စစ်မှုထမ်းဆောင်ရန် ပယ်ဖျက်ရပ်ဆိုင်းပေးခဲ့သည်။ ထို့ကြောင့် ထိုလူငယ်လည်း စိတ်ချမ်းသာစွာဖြင့် မိရိုးဖလာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်နိုင်သည့်အပြင် လိုအပ်ချက်အရ စစ်မှုထမ်းရန် ထပ်မံလိုအပ်လာလျှင် လက်ခံဆောင်ရွက်ရန် စိတ်အားပင်ထက်သန်နေပေတော့သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများစွာတွင် ကျင့်သုံးလျက်ရှိသော ဥပဒေဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းခြင်းဖြင့် နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်ကာကွယ်ရေးအတွက် အချိန်နှစ်နှစ်တာမျှ ပေးအပ်ထမ်းဆောင်ရခြင်းသည် မပြောပလောက်သော ကာလတိုကလေးဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းခြင်းသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလကပင် ရှိခဲ့သည်မဟုတ်လော။ ထိုစဉ်က မျိုးချစ်စိတ်ရှိသူ လူငယ်လူရွယ်တိုင်း ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) တွင် အသီးသီးပါဝင်ထမ်းဆောင်ခဲ့ကြသည်မှာ ထင်ရှားသော သမိုင်းသက်သေပင်ဖြစ်သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) တွင် အင်အားကြီးထွားလာမှုကို စိုးရိမ်မကင်းဖြစ်ခဲ့သော ဂျပန်တို့သည် ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ကို အင်အား လျှော့ချဖွဲ့စည်းစေခဲ့သည်။ သို့သော် တပ်မတော်အဖွဲ့ဝင်များသည် မိမိရပ်ဌာနေတွင် နေလျက် စစ်ပညာကိုလေ့ကျင့်ကာ ရန်သူကို တော်လှန်နိုင်မည့်အခါကောင်းကို စောင့်ခဲ့သည်။ ဗမာတစ်ပြည်လုံးပါဝင်သော တပ်မတော်အင်အားနှင့်ပင် လွတ်လပ်ရေးရသည်ထိ စွမ်းဆောင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ပြည်တွင်းသောင်းကျန်းသူများနှင့် ပြည်ပကျူးကျော်မှုကို ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့စစ်မဟာဗျူဟာကိုကျင့်သုံး၍ မြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူးရိုးမဒေသများတွင် အမြစ်ပြတ်ချေမှုန်းနိုင်ခဲ့သည်။ ယခုလက်ရှိတွင် အချို့သောတိုင်းဒေသကြီးနှင့် ပြည်နယ်တချို့တွင် PDF များ၊ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများ၊ အချို့ EAO များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် အကြမ်းဖက်ဖျက်ဆီးသတ်ဖြတ်မှုများ ပြုလုပ်နေကြသည်။ ထိုအခြေအနေတွင် ပြည်ဖျက်အကြမ်းဖက်များကို ပြည်သူတစ်ရပ်လုံးပါဝင်သော ကာကွယ်ရေးစနစ်ဖြင့် ဝိုင်းဝန်းတိုက်ဖျက်သွားရန် လိုအပ်လာပြီဖြစ်သည်။ ထို့ကြောင့် ပြည်သူ့စစ်မှုထမ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဝိုင်းဝန်းစစ်မှုထမ်းသင့်ကြပေသည်။ ရေရှည်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းခြင်းဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ အောင်မြင်လာလျှင် နိုင်ငံသားတိုင်း စစ်ပညာကို သင်ကြားတတ်မြောက်သောမျိုးဆက်ကိုဖန်တီးနိုင်ပြီး ပြည်တွင်း၊ ပြည်ပ အဖျက်ရန်မှန်သမျှကို ကောင်းစွာဖြိုဖျက်နိုင်ကာ ပြည်သူများ အေးချမ်းစွာ လုပ်ကိုင်စားသောက်နိုင်မည်ဖြစ်သည်။ ကလေးသူငယ်များကို ချမ်းမြေ့ပျော်ရွှင်စွာ ပညာသင်ကြားစေနိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားစိုက်လုပ်ကိုင်နိုင်ကြမည်။ အထူးသဖြင့် လူငယ်များကြားတွင် အမျိုးသားရေးစိတ်ဓာတ်မွေးမြူရှင်သန်မှုအားကောင်းလာပြီး အမျိုးသားသွေးစည်းညီညွတ်မှုကို အင်နှင့်အားနှင့် တည်ဆောက်လာနိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် ပြည်သူတိုင်း ပြည်သူ့စစ်မှုထမ်းဥပဒေကို သိနားလည်အောင် လေ့လာ၍ ဤတာဝန်အရေးသုံးပါးကို ဝိုင်းဝန်းထမ်းရွက်ကြရာတွင် စွမ်းရည်ထက်မြက်မှုရှိလာစေရန် ဂုဏ်ယူဝင့်ကြွားစွာ စစ်မှုထမ်းကြပါစို့ဟု နှိုးဆော်ရေးသားလိုက်ရပေသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ**
- **စစ်မှုထမ်းဥပဒေအကြောင်း အသိပညာပေး ဟောပြောပွဲမှတ်တမ်းများ**

---

# တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးချမ်းသာစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မေ ၂၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းကော်မတီဝင်များနှင့်အတူ အေးချမ်းသာစံပြကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိ နှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အေးချမ်းသာစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဝက်မွေးမြူရေးလုပ်ငန်းအစု အဖွဲ့ နှစ်ဖွဲ့ မှ အသင်းသား၊ အသင်းသူ ၁၀ ဦးကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သူသူ**

# သရုပ်ဆောင် ခိုင်နှင်းဝေက မြောက်ဥက္ကလာပမြို့နယ်တွင် ခိုင်နှင်းဝေရင်သွေးလေးများဂေဟာ အဆောက်အအုံသစ် တည်ဆောက်သွားမည်



ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တွင် သရုပ်ဆောင် ခိုင်နှင်းဝေက ခိုင်နှင်းဝေ ရင်သွေးလေးများဂေဟာအဆောက်အအုံသစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အဆိုပါအဆောက်အအုံသစ်ကို မြောက်ဥက္ကလာပမြို့နယ်သုဓမ္မာလမ်းပေါ်ရှိမြေနေရာတွင် သုံးထပ်ဆောင်သစ်ကို တည်ဆောက်သွားမည်ဖြစ်ပြီး လက်ရှိ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်(၁၀၄)ရပ်ကွက်ရှိ အဆောက်အအုံကိုလည်း ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

"အစ်မ အနေနဲ့ကတော့ ယောကျ်ားလေးတွေတစ်ထပ်၊ မိန်းကလေးတွေ တစ်ထပ်၊ သုံးထပ်ဂေဟာလေး ဆောက်ဖို့အတွက်တော့လုပ်ထားပါတယ်။ ကလေးတွေက နည်းနည်းကြီးလာကြပြီဆိုတော့ သူတို့အတွက် နေရာလေးတွေလိုလာပြီ။ ခုတင်လေးတွေ၊ ကိုယ့်အဝတ်အစားစင်လေးနဲ့ နေတတ်ဖို့အတွက် နေရာလေးလဲလိုတယ်။ ပြီးတော့ ယောကျ်ားလေး၊ မိန်းကလေး ခွဲပြီးထားချင်တာဖြစ်တဲ့အတွက် အခုလိုမျိုးလုပ်ဖြစ်တာပါ။ ကလေးတွေ စမွေးကတည်းက ကြီးလာရင် ဘယ်လိုထားရမလဲဆိုတာကို တွေးထားခဲ့တာပေါ့။ ၁၀ နှစ်ကျော်ရောက်လာပြီဆိုရင် သူတို့လေးတွေက လူပျို၊ အပျိုပေါက်လေးတွေ ဖြစ်လာပြီဆိုရင် နောက်ထပ်နေရာလေးတွေက လိုနေအုံးမှာပဲ။ နောက်ထပ်မွေးမဲ့ ကလေးလေးတွေကလဲ ကြီးလာအုံးမှာဆိုတော့ အစ်မက တိုးချဲ့ဖို့တွေပဲ အများကြီးလုပ်ထားရတာပေါ့"ဟု သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြသည်။

သရုပ်ဆောင် ခိုင်နှင်းဝေ၏ ခိုင်နှင်းဝေ ရင်သွေးလေးများဂေဟာတွင် အမြွှာ ခုနစ်မြွှာ အပါအဝင် စုစုပေါင်းကလေးငယ် ၁၀၉ ယောက်ကို ပြုစုစောင့်ရှောက်ထားပြီး အချို့ကလေးများမှာ အခြေခံပညာမူလတန်းနှင့် အလယ်တန်းများသို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။ ASH

# Double Booked ဇာတ်ကားကို မင်းသား အဒမ်စကော့ ရိုက်ကူးမည်

နယူးယောက် မေ ၂၈

Double Booked အမည်ရှိ လျှို့ဝှက်သည်းဖို ဇာတ်ကားကို မင်းသား အဒမ်စကော့က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း မေ ၂၇ ရက် သတင်းများအရ သိရသည်။

မင်းသား အဒမ်စကော့သည် Double Booked ဇာတ်ကားကို တာဝန်ယူ ရိုက်ကူးမည့်အပြင် ကိုယ်တိုင်လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Double Booked ဇာတ်ကားတွင် အဒမ်စကော့နှင့်အတူ မင်းသား စတာလင်းကေဘရောင်း၊ မင်းသမီး ဇာဇီဘက်နှင့် အလက်ဇန်ဒရီအက်ဒါရီယိုတို့လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Double Booked ဇာတ်ကားသည် မင်းသား အဒမ်စကော့အတွက် ပထမဆုံးဒါရိုက်တာလက်ရာဇာတ်ကားဖြစ်လာလိမ့်မည်ဖြစ်ပြီး အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်လီဗင်ဆင်က တာဝန်ယူ ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Double Booked ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# ငါဘုရင်မ ရုပ်သံဇာတ်လမ်းတွဲသစ် ရိုက်ကူးရေးလုပ်ငန်းပြီးစီးပြီဖြစ်



ရန်ကုန် မေ ၂၈

ငါဘုရင်မ ဇာတ်လမ်းတွဲသစ် ရိုက်ကူးရေးလုပ်ငန်းပြီးစီးသွားပြီဖြစ်သောကြောင့် မေလတွင် Mahar Application မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် ထက်ထက်ထွန်းက ပြောပြ၍ သိရသည်။

ငါဘုရင်မ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို သျှင်မက ရေးသားထားပြီး ဇာတ်ညွှန်းကို ငွေစင်သွန်းနှင့် သင်းနုံ့သာတို့က ရေးသားထားခြင်းဖြစ်ကာ ဒါရိုက်တာ ဝိုင်းက တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားရိုက်ကူးရေးလုပ်ငန်းမှာ ပြီးဆုံးသွားပြီဖြစ်သဖြင့် Mahar Application မှ Mahar Original Series အဖြစ် HD Quality ဖြင့် မေလပထမပတ်တွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ အိမ်ထောင်ရေးပညာပေး ဇာတ်လမ်းတွဲလေးပါ။ ဝါရင့်သရုပ်ဆောင်ကြီးနဲ့ အပြိုင်ကြဲရတဲ့ ဇာတ်ရုပ်ရထားတဲ့အတွက် ကြိုးစားသရုပ်ဆောင်ထားပါတယ်။ အားပေးကြပါအုံး"ဟု သရုပ်ဆောင် ထက်ထက်ထွန်းက ပြောပြသည်။

ငါဘုရင်မ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မင်းဦး၊ အလင်းရောင်၊ ခင်ဝင့်ဝါ၊ ထက်ထက်ထွန်း၊ ခင်မို့မို့အေး၊ စိုးမိုးကြည်၊ ကျော်ဇေယျ၊ သန်းသန်းစိုး၊ စင်ဒီမြတ်နှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

# ဂျိုင်ယန်ကိုးဂလား၏ ဇာတ်ကားသစ်တွင် မင်းသမီး လိုလာကာကီ ပါဝင်မည်

နယူးယောက် မေ ၂၈

ဒါရိုက်တာ ဂျိုင်ယန်ကိုးဂလား ရိုက်ကူးမည့် သဘာဝလွန်ဆန်းကြယ်ဇာတ်ကားသစ်တွင် Gone Girl မင်းသမီး လိုလာကာကီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၂၇ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသစ်တွင် မင်းသမီး လိုလာကာကီသည် မင်းသား မိုက်ကယ်ဘီဂျော်ဒန်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကားသစ်၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်ကိုလည်း ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ဒါရိုက်တာ ဂျိုင်ယန်ကိုးဂလားနှင့် မိုက်ကယ်ဘီဂျော်ဒန်တို့သည် Creed ဇာတ်ကားနှင့် Black Panther ဇာတ်ကားများ၌ လက်တွဲဆောင်ရွက်ခဲ့ဖူးသူများဖြစ်ကြသည်။

ဒါရိုက်တာ ဂျိုင်ယန်ကိုးဂလား၏ သဘာဝလွန်လျှို့ဝှက်ဆန်းကြယ်ဇာတ်ကားကို ၂၀၂၅ ခုနှစ် မတ် ၇ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# ပိုလ်တထောင်မြို့နယ်ရှိ SECRETARIAT YANGON (ယခင်ဝန်ကြီးများရုံး)တွင် ဝသုန်မိုးဦးဈေးပွဲတော် ကျင်းပသွားမည်

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး ပိုလ်တထောင်မြို့နယ်ရှိ SECRETARIAT YANGON (ယခင်ဝန်ကြီးများရုံး)တွင် ဝသုန်မိုးဦး ဈေးပွဲတော်ကို ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါ ဝသုန်မိုးဦး ဈေးပွဲတော်ကို စီစဉ်ဆောင်ရွက်မည့် Dora Entertainment မှ စီစဉ်သူ ဒေါ်သဇင်စိုးက ပြောပြ၍ သိရသည်။

အဆိုပါ ဝသုန်မိုးဦးဈေးပွဲတော်ကို မေ ၁၇ ရက်မှစတင်ကာ မေ ၁၉ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး ပိုလ်တထောင်မြို့နယ်ရှိ SECRETARIAT YANGON (ယခင်ဝန်ကြီးများရုံး) Heritage Market ခန်းမကြီးတွင် ပြုလုပ်သွားမည်ဖြစ်ပြီး စားသောက်ကုန်၊ လူသုံးကုန်၊ အထွေထွေကုန်စည်မျိုးစုံတို့ကို ပြသရောင်းချမည့် ဆိုင်ခန်းပေါင်း ၁၀၀ ကျော် ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနေရာက သွားလာရေးလွယ်ကူသလို နေရာကလဲကျယ်ဝန်းပြီးတော့ ကားပါကင်လဲကျယ်ကျယ်ဝန်းဝန်းရှိတဲ့အပြင် လှပသပ်ရပ်တဲ့အတွက် နှစ်စဉ် ရာသီအလိုက် ဈေးရောင်းပွဲတော်ကို ကျင်းပပြုလုပ်လျက်ရှိပါတယ်။ လာမဲ့ မေ ၁၇ ရက်၊ မေ ၁၈ ရက်၊ ၁၉ ရက်မှာလဲ ဝသုန်မိုးဦး ဈေးပွဲတော်ဖွင့်လှစ်ရောင်းချသွားမှာ ဖြစ်ပါတယ်။ စိတ်ပါဝင်စားတဲ့ လုပ်ငန်းရှင်တွေကို ဖိတ်ခေါ်နေပါတယ်။ လျာထားတဲ့ ဆိုင်ခန်းပေါင်းကတော့ ၁၀၀ ကျော်ဖြစ်ပါတယ်။ အချိန်လိုသေးတဲ့အတွက် ဆိုင်ခန်းအရေအတွက်နဲ့ ရောင်းချပြသမဲ့ပစ္စည်းတွေကတော့ အတိုးအလျှော့ရှိနိုင်ပါတယ်"ဟု Dora Entertainment မှ စီစဉ်သူ ဒေါ်သဇင်စိုးက ပြောပြသည်။


ဝသုန်မိုးဦး ဈေးပွဲတော်တွင် ပွဲတော်လာ ပရိသတ်များအတွက် ဖျော်ဖြေရေး အစီအစဉ်အဖြစ် Baby Talent Show ကို ထည့်သွားမည့်အပြင် နာမည်ကျော် အနုပညာရှင်များ၏ တေးသီချင်းဖျော်ဖြေမှုများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Tatmadaw columns crushed KKO (breakaway) Kyaw Thet group and PDF terrorists, who are committing terrorist acts in the surrounding areas of Kawkareik, restoring peace and stability in the town



The map illustrates Kawkareik, the site of terrorist attacks.



The map illustrates the areas in Kawkareik where Tatmadaw columns launched counterattacks against the terrorists.

**Nay Pyi Taw April 28**

KKO (breakaway) Kyaw Thet group and PDF terrorists with the intention of disturbing and attacking Kyawkareik town and local unit headquarters tried to enter the town through Kaunghmu, Yankok and Kyaungshargon villages in the north of the town along the old Kyakareik-Thingyannyinaung road in the early April with a much larger force. Hence there were 13 clashes with local security forces.

Terrorist insurgents made reinforcements and continued to attack the northern sector of Kawkareik, fired heavy weapon rounds at the town from villages in the east, and infiltrated the wards in the town's edge and committed terrorist acts including torching local people's homes and looting.

The Tatmadaw columns also made reinforcements and launched heavy-weapon supported Counterterrorism Operations in the surrounding areas of Kawkareik beginning 19 April and gained ground stage by stage. There were nine clashes with terrorists, and the Tatmadaw could control the area on 22 April. Dueing the battles, Tatmadaw seized some bodies, and arms, ammunition and accessories of terrorist insurgents. Some Tatmadaw officers and other ranks were wounded. Terrorist insurgents fled in disarray to the north of the town along the direction they used to attack the town towards Kaunghmu village.

*See Page 13*





Photos depict the devastation wrought by terrorist arson attacks in Ward 5 of Kawkareik.













Photos display weapons, ammunition, and associated gear confiscated during the Kyonedo-Kawkareik clashes.





Photos depict the devastation wrought by terrorist arson attacks in Ward 5 of Kawkareik.



Photo captures the moment local residents return to Kawkareik.

*From Page 12*

Tatmadaw columns are in hot pursuit of the fleeing terrorist insurgents, clearing debris, carrying out town rehabilitation and clearing mines for public safety. Moreover, they were assuring the people who left their homes with apprehension to return to their homes. Up to 27 April, 362 men and 235 women, totaling 597 of 288 households returned to their homes. More are returning to their homes. 100

# Some 900 villages to get solar and small-scale electrification projects in 2024-25 FY

**Nay Pyi Taw April 28**

The Rural Development Department stated that the single housing solar power generation system and small-scale electrification projects will be implemented in 900 villages in 2024-25 financial year.

The government is implementing the National Electrification Project-NEP to electrify the whole Myanmar in 2030.

The single housing solar system and small-scale electrification system will be implemented by the Rural Development Department for the people residing 10 miles off-grid areas within 10 to 15 years. Such projects are being initiated from 2016-17 financial year.

During the six-year people from 2016 to 2022, the single solar system has benefited 418,363 houses from 9,163 villages whereas small-scale electrification system supplies electricity to 38,913 houses from 162 villages, totalling 457,276 houses from 9,325 villages.

In 2022-23 financial year, the single house solar system electrified 43,728 houses from 919 villages and the small-scale electrification 2,835 houses from 14 villages.

The remaining projects from the 2022-23 financial year will be carried on in 2023-24 FY. Now, these electrification systems will be implemented in 900 villages in 2024-25 financial year.

The government allocated K20 billion to electrify villages with contributions of local residents yearly. 336



Officials visit a village for an electrification project.

# More than 21,000 acres of pulses and beans harvested in Kyunhla Township

**Kyunhla April 28**

According to the statistics of Kyunhla Township Agriculture Department, a total of 21,897 acres of pulses and beans have been harvested in Kyunhla Township.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department, said: "The whole township grew 21,897 acres of pulses and beans. These have been harvested so far. Our department helps local farmers with agricultural techniques, use of quality strains of crops and prevention of pests."

Local farmers harvested 11,725 acres of black bean with yield of 12.51 baskets per acre, 18 acres of butter bean with 13.28 baskets, 2,119 acres of blue bean with 13.25 baskets, 239 acres of chickpea with 22.75 baskets, 7,335 acres of green pea with 18.21 baskets, and 461 acres of lentil with 12.71 baskets.

The township earmarked 19,753 acres of beans in 2023-24 financial year. Local farmers could grow 21,897 acres of beans exceeding the target of cultivation, with 2,144 surplus of sown acreage.

In 2022-23 FY, local farmers cultivated 19,753 acres of pulses and beans. In 2023-24 FY, the township scheduled to grow 16,912 acres of monsoon beans but local farmers planted 5,410 acres of green gram and 11,532 acres of pigeon pea, totalling 16,942 acres, exceeding the target of cultivation.

206

# Iran condemns sanctions by U.S., Britain, Canada

**Tehran April 28**

Iranian Foreign Ministry Spokesman Nasser Kanaani on Saturday strongly condemned the sanctions recently imposed by the United States, Britain, and Canada on a number of Iranian defense-related individuals and entities.

He made the remarks in a statement after the three countries imposed Thursday new sanctions on several Iranian individuals and companies, mainly targeting the country's drone and missile industries, as a response to Iran's massive retaliatory action against Israel earlier this month.

Kanaani also condemned the claims made by the European Parliament against Iran in a resolution it adopted on Thursday and blamed certain European countries for following the U.S. lead in adopting a "cruel approach" towards Tehran.

In the resolution, the European Parliament slammed Iran's drone and missile attack on Israel and called for further sanctions against Tehran.

Kanaani stressed that Iran's military capacities were in proportion to its needs to guarantee its national security, sovereignty, and territorial integrity, as well as its right to self-defense against any foreign threat and aggression.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Kalay District harvests more than 2,000 acres of garlic

**Kalay April 28**

The statistics of Kalay District Agriculture Department stated that garlic is being harvested on 2,251 acres of croplands in Kalay District of Sagaing Region.

So far, Kalay Township harvested 1,749 acres of garlic and Mingin Township 502 acres, totalling 2,251 acres, yielding 1,971.41 viss per acre.

"Local people grow garlic just for consumption but not commercial scale. In fact, it is necessary to spend a large cost per acre in growing garlic," said U Aung, Head of District Agriculture Department.

In 2023-24 FY, the district earmarked 2,530 acres of garlic but local farmers could grow 2,251 acres of garlic against the target cultivation from October to December 2023. In 2022-23 FY, the district grew 2,530 acres of garlic as winter crop.

Relevant township agriculture department advise local farmers to systematically store garlic and grow it in GAP system, and create market links for fetching good prices for garlic. It needs to spend K1.5 million per acre of growing garlic.

206



Garlics being harvested in a field.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဖိလစ်ပိုင်နိုင်ငံက အိန္ဒိယထံမှ BrahMos ခရုဇ်ဒုံးကျည်များ ပထမအသုတ်ကိုလက်ခံရရှိခဲ့




မေ ၁၉ ရက်တွင် တွစ်တာအကောင့် Noise Alerts က ဖော်ပြခဲ့သည့်အတိုင်း BrahMos ခရုဇ်ဒုံးကျည်များ၏ ပထမအသုတ်ကို အိန္ဒိယလေတပ်မှ IL-76TD လေယာဉ်ဖြင့် မနီလာမြို့ရှိ ဖိလစ်ပိုင်မရိန်းတပ်ဖွဲ့ထံ ပေးပို့ခဲ့သည်ဟု Army Recognition သတင်းဌာနက မေ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ချုပ်ဆိုခဲ့သော အမေရိကန်ဒေါ်လာ ၃၇၅ သန်းတန် သဘောတူညီချက်အရ ဤလွှဲပြောင်းပေးပို့မှုသည် ဒုံးကျည်များသာမက မြေပြင်ပစ်ဒုံးပစ်လောင်ချာစနစ်များပါ ပါဝင်ပြီး အိန္ဒိယနိုင်ငံမှ BrahMos ခရုဇ်ဒုံးကျည်စနစ်ကို အခြားနိုင်ငံသို့ ပထမဆုံးအကြိမ် တင်ပို့ရောင်းချမှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

တောင်တရုတ် ပင်လယ်ပြင်တွင် တင်းမာမှုများမြင့်တက်နေချိန် ဖိလစ်ပိုင်သည် အလားအလာရှိသောခြိမ်းခြောက်မှုများမှကာကွယ်ရန် မဟာဗျူဟာမြောက်ကမ်းရိုးတန်းဒေသများတွင် BrahMos ခရုဇ်ဒုံးကျည်တပ်ခွဲ သုံးခွဲထိဖြန့်ကြက်ရန် စီစဉ်နေခြင်းလည်းဖြစ်သည်။ ဖိလစ်ပိုင်နှင့် ကာကွယ်ရေးဆိုင်ရာဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်၊ အိန္ဒိယနိုင်ငံသည် အဆင့်မြင့်အပေါ့စားရဟတ်ယာဉ်နှင့် အပေါ့စားတိုက်ခိုက်ရေးရဟတ်ယာဉ်များ ရောင်းချခြင်းအပါအဝင် အိန္ဒိယသို့ အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန် ကာကွယ်ရေးဆိုင်ရာအကြွေးဝယ်ခွင့်လမ်းကြောင်းကို တိုးမြှင့်သတ်မှတ်ပေးခဲ့သည်။

BrahMos ခရုဇ်ဒုံးကျည်စနစ်ကို ဗီယက်နမ်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အင်ဒိုနီးရှားတို့ကဲ့သို့ အခြားနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဆွေးနွေးမှုများဆက်လက်လုပ်ဆောင်နေသည်။ ထို့ပြင် အိန္ဒိယအစိုးရသည် ရူပီးကုဋေ ၂၀၀၀၀ (အမေရိကန်ဒေါ်လာ ၂၄၀၁၀၇၆ ခန့်) တန်ဖိုးရှိသော BrahMos-ER ခရုဇ်ဒုံးကျည် ၂၀၀ ကျော်အတွက် ဝယ်ယူရေးအမှာစာကို အတည်ပြုခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ထိပ်တန်းစစ်သင်္ဘောများနှင့် Su-30MKI တိုက်လေယာဉ်များတွင် တပ်ဆင်အသုံးပြုရန်ဖြစ်သည်။ ထိုအချက်သည် ခရုဇ်ဒုံးကျည်၏ ကြည်း၊ ရေ၊ လေ ဘက်စုံအသုံးပြုနိုင်မှုကို ဖော်ညွှန်းလျက်ရှိသည်။

PJ-10 ဟုသုံးနှုန်းသတ်မှတ်ထားသော BrahMos ခရုဇ်ဒုံးကျည်သည် အိန္ဒိယ-ရုရှား ပူးပေါင်းစစ်ဘက်စီမံကိန်းဖြစ်ပြီး ၎င်း၏အမည်မှာ အိန္ဒိယရှိ Brahmaputra မြစ်နှင့် ရုရှားနိုင်ငံရှိ Moskva မြစ်တို့မှ ဆင်းသက်လာခြင်းဖြစ်သည်။ အိန္ဒိယ၏ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO) နှင့် ရုရှားနိုင်ငံ NPO Mashinostroyeniya ဒီဇိုင်းဗျူရိုတို့ ပူးပေါင်း၍ BrahMos Aerospace ကုမ္ပဏီက ထုတ်လုပ်ထားခြင်းဖြစ်သည်။ ဤတာလတ်ပစ်ခရုဇ်ဒုံးကျည်သည် ရေငုပ်သင်္ဘောများ၊ သင်္ဘောများ၊ တိုက်လေယာဉ်များနှင့် မြေပြင်အခြေစိုက် မိုဘိုင်းဒုံးပစ်လောင်ချာများအပါအဝင် ပလက်ဖောင်းအမျိုးမျိုးမှ ပစ်လွှတ်နိုင်စွမ်းရှိသည်။

BrahMos ခရုဇ်ဒုံးကျည်သည် ကနဦးအရှိန်မြှင့်ရန်အတွက် အစိုင်အခဲလောင်စာသုံး အဆင့်နှစ်ဆင့်ပါရှိသောတွန်းကန်အားစနစ်ဖြင့် လုပ်ဆောင်ခြင်းဖြစ်ပြီး စူပါဆောနစ် အလျင်နှုန်းအတွက် အရည်လောင်စာသုံး ရမ်ဂျက်အင်ဂျင်တစ်ခု အသုံးပြုထားသည်။ ဒုံးကျည်၏ဒီဇိုင်းသည် အမြင့် ၁၅ ကီလိုမီတာထိ ပျံသန်းနိုင်ပြီး ရေဒါထောက်လှမ်းမှုကို ရှောင်လွှဲရန်နှင့် တိကျစွာပစ်ခတ်နိုင်စေရန် Terminal အဆင့်အတွင်း အနိမ့်ဆုံး ၁၀ မီတာထိ ထိုးဆင်းပျံသန်းတိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။

မြေပြင်နှင့် ပင်လယ်ပြင်အခြေစိုက် ပစ်မှတ်များကို တိကျစွာချိန်ရွယ်ပစ်ခတ်နိုင်သည့် စွမ်းရည်များကိုပြသထားနိုင်ခဲ့ရာ BrahMos ခရုဇ်ဒုံးကျည်၏ စစ်ဆင်နိုင်သည့် အကွာအဝေးသည် ပုံစံဖွဲ့စည်းမှုနှင့် ရည်ရွယ်ချက်အလိုက် ကွဲပြားမှုရှိသည်။ ၎င်း၏ ပြည်ပတင်ပို့ရောင်းချမှုဗားရှင်းတွင် ဒုံးကျည်နည်းပညာ ထိန်းချုပ်ရေးစနစ် (MTCR)စံနှုန်းများနှင့်အညီအကွာအဝေး ကီလိုမီတာ ၂၉၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။

**Philippines receives first batch of BrahMos supersonic missiles from India ကို ဘာသာပြန်ဆိုထားပါသည်။**

## နယ်သာလန်က ယူကရိန်းကို စစ်ရေးအကူအညီ ယူရိုသန်း ၂၀၀ ကျော် ပေးအပ်ရန် ကတိပြု

နယ်သာလန်နိုင်ငံသည် ယူကရိန်းအတွက် စစ်ရေးအကူအညီ ယူရိုသန်း ၂၀၀ ကျော်ပံ့ပိုးမည်ဟု မေ ၁၉ ရက်တွင် ကျင်းပသော NATO-ယူကရိန်း ကောင်စီအစည်းအဝေးတွင် နယ်သာလန်ကာကွယ်ရေးဝန်ကြီး KajsaOllongren ကပြောကြားခဲ့သည်ဟု Army Recognition သတင်းဌာနက မေ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါအကူအညီသည် နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးနှင့် အမြောက်ပစ်ခတ်မှုစွမ်းရည်များ အားကောင်းစေရန် ရည်ရွယ်ထားကြောင်း၊ Ollongren က ယူကရိန်းတွင် လုံခြုံရေးအခြေအနေယိုယွင်းလာမှုကိုတားဆီးရန် လျင်မြန်စွာကြားဝင်ဆောင်ရွက်ပေးခြင်းသည် အရေးကြီးကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ရန်ပုံငွေအသေးစိတ်တွင် ယူကရိန်းလေကြောင်းရန် ကာကွယ်ရေးစနစ်များ တပ်ဆင်ရန် ဂျာမနီနိုင်ငံ၏ ကမကထလုပ်ဆောင်နေမှုအတွက် ယူရိုသန်း ၁၅၀ နှင့် ဒရုန်းရန်ကာကွယ်ရေးအတွက် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်များ ဝယ်ယူနိုင်ရေးသီးသန့်သုံးစွဲရန် ယူရိုသန်း ၆၀ အသုံးပြုမည်ဖြစ်သည်။

ဤအစီအမံများသည် ယူကရိန်းကို အမြောက်ကျည်များပံ့ပိုးပေးရန် အက်စ်တိုးနီးယားနှင့် ချက်သမ္မတနိုင်ငံတို့၏ ယခင်ကတိကဝတ်များတွင် နယ်သာလန်နိုင်ငံက ပူးပေါင်းပါဝင်၍ ဆက်လက်ပံ့ပိုးကူညီနေမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ထိုအစည်းအဝေးတွင် NATOအတွင်းရေးမှူးချုပ် Jens Stoltenberg က အခြားအဖွဲ့ဝင်နိုင်ငံများကလည်း ယူကရိန်းကို ၎င်းတို့၏ စစ်ရေးပံ့ပိုးမှုကို တိုးမြှင့်ပေးမည်ဟုကတိပြုထားပြီး လာမည့်သီတင်းပတ်များအတွင်း ပံ့ပိုးရေးဆိုင်ရာကြေညာချက်အသစ်များကို မျှော်မှန်းထားကြောင်း မှတ်ချက်ပြုပြောကြားသွားခဲ့သည်။

ဤကတိကဝတ်များသည် ယူကရိန်း၏ လက်ရှိလုံခြုံရေးစိန်ခေါ်မှုများတွင် ပံ့ပိုးကူညီရန် NATO အဖွဲ့၏ မီးလောင်ရာလေပင့် စုပေါင်းကြိုးပမ်းအားထုတ်နေမှုဟုသာ ရုရှားဘက်က အစဉ်တစိုက် ကန့်ကွက်ရှုတ်ချခဲ့သည်။

နယ်သာလန်နိုင်ငံသည် နယ်ပယ်အသီးသီးတွင် စစ်ရေးအကူအညီများပံ့ပိုးပေးခြင်းဖြင့် ရုရှားနှင့် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများကြားတွင် ယူကရိန်းကို တစိုက်မတ်မတ် ထောက်ခံအားပေးခဲ့သည်။ နယ်သာလန်သည် ၂၀၂၃ ခုနှစ် ဩဂုတ်တွင် ယူကရိန်းသို့ F-16 Fighting Falcon တိုက်လေယာဉ် ၄၂ စင်းပေးပို့ရန် ကတိပြုခဲ့ပြီး လာမည့်လများအတွင်း ပေးပို့နိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ ထို့ပြင် NATO မဟာမိတ်နိုင်ငံများသည် အဆိုပါတိုက်လေယာဉ်များတွင် အသုံးပြုမည့် ခဲယမ်းများအတွက် ယူရိုသန်း ၁၅၀ ခွဲဝေပေးခဲ့သည်။

ရေတပ်အကူအညီအနေဖြင့် နယ်သာလန်နိုင်ငံသည် Alkmaar-Class မိုင်းရှာစစ်ရေယာဉ် နှစ်စီး၊ အခြားရေတပ်စစ်ရေယာဉ်လေးစီးတို့ ပို့ဆောင်ပေးရန် စီစဉ်ခဲ့သည်။ ထို့ပြင် ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ယူကရိန်း၏ ရေကြောင်းစွမ်းအားမြှင့်တင်ရန်အတွက် အမေရိကန်နိုင်ငံဘောစတွန်ဝေလာထုတ် လှေများ ၊ အထူးတပ်ဖွဲ့သုံး အမြန်သွားရှပ်ပြေးရေယာဉ်များနှင့် အကြမ်းခံ လေထိုးသုံးလှေ ၃၁ စီး ပေးအပ်ခဲ့သည်။

၂၀၂၂ ခုနှစ် ဇွန်လတွင် နယ်သာလန်နိုင်ငံက Harpoon AGM-84 သင်္ဘောဖျက် ဒုံးကျည်များပံ့ပိုးပေးခဲ့မှုကြောင့် ယူကရိန်း၏ သင်္ဘောဖျက်စစ်ဆင်ရေးစွမ်းရည်များ မြှင့်တင်ပေးနိုင်ခဲ့သည်။ လေကြောင်းရန် ကာကွယ်ရေးအတွက် နယ်သာလန်သည် ၂၀၂၃ ခုနှစ် ဧပြီလတွင် Patriot လေကြောင်းရန်ကာကွယ်ရေးဒုံးပစ်လောင်ချာယာဉ် နှစ်စီးပေးပို့ခဲ့ပြီး ထပ်မံပံ့ပိုးပေးသွားမည်ဟု ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ကတိပြုခဲ့သည်။ NASAMS II လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် အသုံးပြုသည့် AIM-120 AMRAAM ဒုံးကျည် ၁၂ စင်းကိုလည်း ပံ့ပိုးပေးခဲ့သည်။

နယ်သာလန်၏ ပံ့ပိုးကူညီမှုတွင် အမြောက်များနှင့် လက်နက်ကြီးများအနေဖြင့် 155mm PzH 2000 ဟောင်ဝစ်ဇာအမြောက် ရှစ်စီးပါဝင်ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် နောက်ထပ်ဟောင်ဝစ်ဇာအမြောက်ယာဉ် ကိုးစီး ပေးအပ်ခဲ့ကြောင်း ကြေညာခဲ့သည်။



ဂျာမနီ၊ ဒိန်းမတ်နိုင်ငံတို့နှင့်အတူ Leopard 1A5 နှင့် Leopard 2A4 တင့်ကားများ ပေးအပ်နိုင်ခဲ့ခြင်းဖြင့် ယူကရိန်း၏ တင့်၊ သံချပ်ကာစွမ်းရည်ကို ဖြည့်ဆည်းပေးခဲ့သည်။ နယ်သာလန်သည် Fennek ကင်းထောက်ယာဉ်များ၊ YPR-765 သံချပ်ကာ လူသယ်ယာဉ် ၁၉၆ စီး၊ Bandvagn-BvS 10 သံချပ်ကာယာဉ် ၂၈ စီးကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ပံ့ပိုးပေးခဲ့သည်။ ထို့ပြင် ယူကရိန်းနိုင်ငံ၏ အင်ဂျင်နီယာနှင့် မိုင်းတူးဖော်ခြင်းလုပ်ငန်းများအတွက် အင်ဂျင်နီယာလုပ်ငန်းသုံးယာဉ်အမျိုးမျိုး၊ Panzerfaust 3 ဒုံးပစ်လောင်ချာများ၊ Barrett M82 နှင့် Accuracy International AX308 စနိုက်ပါရိုင်ဖယ်များ၊ FN MAG အပေါ့စားစက်သေနတ်များနှင့် HK416 A2 ချေမှုန်းရေးရိုင်ဖယ်များ အပါအဝင် လက်နက်ငယ်များပါဝင်သည်။

၂၀၂၄ ခုနှစ် မတ်လတွင် လက်မှတ်ရေးထိုးခဲ့သော ယူကရိန်းနှင့် နယ်သာလန်တို့ကြား လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု တရားဝင်သဘောတူညီချက်သည် ယူကရိန်း၏ ကာကွယ်ရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုတွင် အရေးပါဆုံးပံ့ပိုးကူညီသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။

**Netherlands pledges Over €200 Million in Military Aid to Ukraineကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်ဖြူ ၂၂၅၁ ဧက နုတ်သိမ်းပြီးစီး



**ကလေး မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်ဖြူ ၂၂၅၁ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်ဖြူစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ကလေးမြို့နယ်တွင် ၁၇၄၉ ဧက၊ မင်းကင်းမြို့နယ်တွင် ၅၀၂ ဧက စုစုပေါင်း ၂၂၅၁ ဧကနုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉၇၁ ဒသမ ၄၁ ပိဿာ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကလေးခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကြက်သွန်ဖြူ ၂၂၅၁ ဧက စိုက်ပျိုးထားပါတယ်။ လက်ရှိမှာ ဧကအားလုံးနုတ်သိမ်းပြီးပါပြီ။ ကြက်သွန်ဖြူကို စီးပွားဖြစ်မစိုက်ကြဘဲ အိမ်သုံးလောက်ပဲ စိုက်ကြတာများတယ်။ စီးပွားဖြစ်စိုက်တာနည်းပါတယ်။ အချို့နေရာတွေမှာ ကြက်သွန်ဖြူကိုစီးပွားဖြစ်စိုက်တာရှိပါတယ်။ ကြက်သွန်ဖြူစိုက်ပျိုးဖို့က အရင်းအနှီးများတယ်" ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ကြက်သွန်ဖြူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်ဖြူကို ကြာရှည်စွာ အထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်ဖြူဖြစ်စေရန်အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကြက်သွန်ဖြူ တစ်ဧကစိုက်ပျိုးလျှင် ငွေကျပ် ၁၅ သိန်း ကုန်ကျကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ကျောက်တန်းမြို့တွင် မြို့နယ်အဆင့် စီမံကိန်းများဆိုင်ရာသုံးသပ်ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အဆင့် စီမံကိန်းများဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲကို မေ ၂၇ ရက်နံနက်ပိုင်းက အဆိုပါဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်က မြို့နယ်အဆင့်စီမံကိန်းလုပ်ငန်းများ သုံးသပ်ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ယခင်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များကို အခြေခံ၍ အကြံပြုချက်များကို ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောက်တန်းမြို့နယ် မြို့နယ်စီမံကိန်းလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများက သုံးသပ်ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စီမံကိန်းသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ကျေးရွာ ၂၈ ရွာမှ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ စီမံကိန်းလုပ်ငန်းတာဝန်ခံများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အားသာချက်၊ အားနည်းချက်များကို သက်ဆိုင်ရာ ကျေးရွာများအလိုက် အဖွဲ့လေးဖွဲ့ခွဲ၍ အပြန်အလှန်အကြံပြုဆွေးနွေးတင်ပြကြသည်။



ထို့နောက် သန်လျင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သုံးသပ်ဆွေးနွေးမှုရလဒ်များအပေါ်တွင် ဆွေးနွေးခဲ့သည်။

ကျောက်တန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်း၊ ကျေးလက်ရေပေးဝေရေးဆိုလာရေတင်စနစ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်းကို ကျေးရွာ ၂၈ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေဦး(မောရမ်းမြေ)**

# ပဲခူးမြို့နယ် လက်ပံခုန်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Shwe Bankတို့ ပူးပေါင်း၍ လက်ပံခုန်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက Mobile Financial Payment စနစ်အသုံးပြု၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများကို Mobile Financial Payment စနစ်အသုံးပြု၍ ထုတ်ချေးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီနိုင်စေခြင်း၊ ငွေကြေးမသမာမှုများကြောင့် ဆုံးရှုံးနိုင်မှု လျော့နည်းစေခြင်းနှင့် အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကိုလျှော့ချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် Manual Cash-Based စနစ်အစား Mobile Financial Payment စနစ် အသုံးပြု၍ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁၂ ဦးကို ငွေကျပ် သိန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၈-၄-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၉၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၀၂၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနနှင့် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၃၂)တို့ကို ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကြည့်ရှုစစ်ဆေး



**ရန်ကုန် မေ ၂၈**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့်အတူ ယနေ့တွင်ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနနှင့် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ်(၀၃၂)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို အထွေထွေမန်နေဂျာက ရေနံ့စဉ်ကုန်းတွင်းနှင့် ကမ်းလွန်မှထုတ်လုပ်ရရှိသည့် သဘာဝဓာတ်ငွေ့ကုဗပေသန်း ၂၀ ခန့်ကို ထိန်းညှိဖြန့်ဖြူးပေးနေသည့် အခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ငွေ့ပိုက်လိုင်းကွန်ရက် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက ဖြည့်စွက်ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက ရေနံနှင့် သဘာဝဓာတ်ငွေ့အရင်းအမြစ်များသည် အကန့်အသတ်ဖြင့်သာ ထုတ်ယူနိုင်သည်ဖြစ်၍ အကျိုးရှိစွာ အသုံးပြုရမည်ဖြစ်ပါကြောင်း၊ ထုတ်လုပ်ရရှိသော သဘာဝဓာတ်ငွေ့များကို အများပြည်သူ သယ်ယူပို့ဆောင်ရေး ကဏ္ဍတွင် ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ပြည်သူများခရီးသွားလာရာတွင် သက်သာချောင်ချိမှုရှိစေရေးအတွက် YBS ယာဉ်များနှင့် Taxi ယာဉ်များကို ဦးစားပေး၍ အထူးသက်သာသောဈေးနှုန်းဖြင့် နိုင်ငံတော်မှစိုက်ထုတ်ပြီး CNG ရောင်းချပေးလျက်ရှိကြောင်း၊ CNG ကို ဓာတ်ဆီ၊ ဒီဇယ်များနှင့် နှိုင်းယှဉ် အသုံးပြုရာတွင် ကုန်ကျစရိတ်အနေဖြင့် CNG အသုံးပြုမှုသည် များစွာသက်သာနေသည်ကို အသုံးပြုသူများ အသိပင်ဖြစ်ကြောင်း၊ CNG အသုံးပြုခွင့်ရရှိနေသည့် မော်တော်ယာဉ် ပိုင်ရှင်များ၊ အငှားယာဉ်မောင်းများအနေဖြင့် ခရီးသည်များထံမှ ယာဉ်စီးခများတောင်းခံရာတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီကားများထက်သိသာစွာလျှော့ချ၍ တောင်းခံပေးခြင်းဖြင့် ပူးပေါင်းပါဝင်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သဘာဝဓာတ်ငွေ့သုံး CNG အရောင်းဆိုင်များမှ မန်နေဂျာများကို လိုအပ်သည်များမှာကြားပြီး ပြည်သူများကို ဘေးအန္တရာယ်ကင်းရှင်းစွာသုံးစွဲနိုင်ရန် ခေတ်မီစက်ကိရိယာများဖြင့် CNG အိုးများ စမ်းသပ်စစ်ဆေးနေသည့် CNG Retest Factory အလုပ်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၃၂)သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေးဆွဲထားသည့် Standard Operating Procedure (SOP) များကို အလေးထားလိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ စက်များကြံ့ခိုင်ကောင်းမွန်စေရေးနှင့် သက်တမ်းကြာရှည်စွာအသုံးပြုနိုင်ရေးအတွက် regular maintenance နှင့် preventive maintenance များကို ဘဏ္ဍာငွေ ခွင့်ပြုရရှိမှုအပေါ် မူတည်ပြီး နှစ်အလိုက်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန်ဖြစ်ကြောင်းမှာကြားကာ CNG သုံးခရီးသည်တင် YBS ယာဉ်နှင့် အငှားယာဉ်များအား CNG ဖြည့်တင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ပဲသန့်စင်စက်နှင့် ဆိပ်ကမ်းများမှ ကုန်ပစ္စည်းများ သင်္ဘောတင်ဆောင်မှုကို ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့ စက်မှုဇုန်-၄ ရှိ ပြည်ဖြိုးအောင်ကုမ္ပဏီ၏ ပဲသန့်စင်စက်ရုံနှင့် နှမ်းလှော်စက်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် တာဝန်ရှိသူက ပဲသန့်စင်ထုတ်လုပ်နိုင်မှု၊ ပြည်တွင်းသို့လှောင်ဖြန့်ဖြူးပေးနေမှု၊ ပြည်ပသို့တင်ပို့နိုင်မှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ရန်မှာကြားပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရွှေပြည်သာတံတားအနီးရှိ မင်းထက်မင်းဆိပ်ကမ်း၊ ရွှေပြည်သာမြို့ရှိ ရွှေမဲဆိပ်ကမ်းနှင့် မုတ္တမဆိပ်ကမ်းတွင် ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့ရန် သင်္ဘောတင်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပို့ကုန်လုပ်ငန်းဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် ဌာနဆိုင်ရာ One Stop Service (OSS) အဖွဲ့များက စနစ်တကျစစ်ဆေးဆောင်ရွက်ရန်၊ ကုန်ပစ္စည်းများကို အချိန်ကြန့်ကြာမှုမရှိစေပဲ သင်္ဘောတင်နိုင်ရေး ဆောင်ရွက်ရန်၊ ပို့ကုန်ပစ္စည်းအရည်အသွေး ထိခိုက်ပျက်စီးမှုမဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် ကုန်ပစ္စည်းအမျိုးအစားနှင့်အရေအတွက်မှန်ကန်စေရေး ဆောင်ရွက်ရန်၊ ပို့ကုန်လုပ်ထုံးလုပ်နည်း ဥပဒေနှင့်အညီ တင်ပို့နိုင်ရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့ကို အလေးထား ဆောင်ရွက်ရန်မှာကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ တည်ဆောက်ထားသော ရွှေမဲဆိပ်ကမ်းနှင့် မုတ္တမဆိပ်ကမ်းတို့ကို အိမ်နီးချင်းနိုင်ငံများသို့ ပို့ကုန်တင်ပို့နိုင်သည့် အပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချဆိပ်ကမ်းအဖြစ် အကောက်ခွန်ဦးစီးဌာနက ၂၀၂၄ ခုနှစ် မေ ၂၄ ရက်မှ စတင်ခွင့်ပြုခဲ့ပြီး အဆိုပါဆိပ်ကမ်းများမှ အိမ်နီးချင်းနိုင်ငံများသို့ Border Trade ပို့ကုန်လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနအပါအဝင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ (One Stop Service -OSS)များ



က မေ ၂၄ ရက်မှစ၍ တာဝန်ချထား စစ်ဆေး ဆောင်ရွက်ပေးလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ မင်းထက်မင်းဆိပ်ကမ်းမှာ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်က အပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချဆိပ်ကမ်းအဖြစ် ခွင့်ပြုဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် တောင်ကြီးလူရည်ချွန်စခန်းဖွင့်ပွဲ ကျင်းပ



**တောင်ကြီး မေ ၂၈**

၂၀၂၄ခုနှစ် တောင်ကြီးလူရည်ချွန်စခန်းဖွင့်ပွဲကိုယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် တောင်ကြီးလူရည်ချွန်စခန်းဆိုင်းဘုတ်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က စက်ခလုပ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တောင်ကြီးလူရည်ချွန်စခန်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ ပြည်နယ်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လူရည်ချွန်မောင်မယ်များ လေ့လာရေးခရီးစဉ်တွင် မတူညီသောယဉ်ကျေးမှုဓလေ့ထုံးစံများကို အချင်းချင်းဖလှယ်ရယူပြီး တစ်ဦးပေါ်တစ်ဦးနားလည်ကာ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်လာစေရန်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ခင်ရင်းနှီးမှုများ ပိုမိုရရှိကြစေရန်အထူးမျှော်လင့်မိပါကြောင်း၊ နိုင်ငံအကျိုး၊ လူမျိုးအကျိုး၊ ဘာသာသာသနာပညာအကျိုးတို့ကို ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ၊ ဝီရိယစွမ်းအားရှိသမျှ သယ်ပိုးထမ်းဆောင်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များနှင့် လူရည်ချွန်ကြီးကြပ်များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် လူရည်ချွန် မောင်မယ်များကိုယ်စား ကျောင်းသားတစ်ဦးကို ရင်ထိုးတံဆိပ်တပ်ဆင်ပေးကာ တာဝန်ရှိသူများနှင့်အတူ လူရည်ချွန်မောင်မယ်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# မွန်ပြည်နယ် ဓမ္မသတ်ကျေးရွာ၊ ကရင်ပြည်နယ် ကော့ဘိန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ယာယီနေရပ်စွန့်ခွာနေရသော ဒေသခံပြည်သူများ ၎င်းတို့၏နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်၊ လိုအပ်သည့် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ပေး

**နေပြည်တော် ဧပြီ ၂၈**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ဓမ္မသတ်ကျေးရွာ၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများတွင် ဝင်ရောက်နေထိုင်ပြီး အကြမ်းဖက် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့် အကြမ်းဖက်သောင်းကျန်းသူများကို တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter – Terrorism Operation)ဖြင့် စနစ်တကျဆောင်ရွက်ပြီး တိုက်ခိုက်ချေမှုန်းခဲ့ရာ အဆိုပါဒေသများကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသပြန်လည်ထူထောင်ရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည့်သတင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ၎င်းဒေသများသည် ပြန်လည်တည်ငြိမ်အေးချမ်းလာပြီ ဖြစ်သည့်အတွက် ယာယီနေရပ်စွန့်ခွာနေရသော ဒေသခံပြည်သူများကို ၎င်းတို့၏ ကျေးရွာများသို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး စည်းရုံးဆောင်ရွက်ခဲ့ရာ ဧပြီ ၂၇ရက်ထိ မွန်ပြည်နယ် ဓမ္မသတ်ကျေးရွာ၊ တရနာကျေးရွာနှင့် ကော့သတ်ကျေးရွာများသို့ အမျိုးသား ၉၆ ဦး၊ အမျိုးသမီး ၁၂၄ ဦးစုစုပေါင်း ဦးရေ ၂၂၀ နှင့် ကရင်ပြည်နယ် ကော့ဘိန်းကျေးရွာသို့ အမျိုးသား ၁၆၁ ဦး၊ အမျိုးသမီး ၃၂၄ ဦး၊ စုစုပေါင်း ၄၈၅ ဦး တို့ ပြန်လည်ဝင်ရောက် နေထိုင်လာကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက နေ့ညမပျက်ပြန်လည်ကြိုဆို၍ စနစ်တကျလက်ခံလျက်ရှိပြီး လိုအပ်သည့်ကူညီစောင့်ရှောက်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများကို သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာပစ္စည်းများနှင့် လိုအပ်သည့် ထောက်ပံ့ပစ္စည်းများထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့်ယာယီနေရပ်စွန့်ခွာနေရသော ဒေသခံပြည်သူများသည် ၎င်းတို့၏ နေရပ်အသီးသီးသို့ ဆက်လက်ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သတင်းရရှိသည်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက ဓမ္မသတ်ကျေးရွာသို့ ပြန်လည်ဝင်ရောက်လာကြသည့် ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့်တာဝန်ရှိသူများက ဓမ္မသတ်ကျေးရွာ ဓမ္မသတ်ကျောင်းဟောင်းဘုန်းတော်ကြီးကျောင်း၌ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက ဓမ္မသတ်ကျေးရွာအတွင်း အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးသွားသော နေအိမ်အဆောက်အအုံများကို လိုက်လံကြည့်ရှုစဉ်။

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၅၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဧပြီ ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဧပြီ ၂၉ ရက်မှ မေ ၅ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၂၄ ခုနှစ် မေလအတွင်းဖြစ်ပေါ်လာနိုင်သည့် အယ်လ်နီညိုအခြေအနေ

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ၂၀၂၄ ခုနှစ် ဧပြီ ၂၈ ရက်တွင် ထုတ်ပြန်သည့် ၂၀၂၄ ခုနှစ် မေလအတွင်း ဖြစ်ပေါ်လာနိုင်သည့် အယ်လ်နီညိုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေတွင် ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြု မော်ဒယ်များခန့်မှန်းချက်အရ မေလအတွင်း အားအနည်းငယ်ရှိသော အယ်လ်နီညို အခြေအနေမှ ပုံမှန်နှစ်တစ်နှစ်သို့ ပြန်လည်ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

(ခ) အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

(ဂ) သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်ပါသည်။ **(မိုး/ဇလ)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၁၅၀၄၈၈၊ ၀၆၇-၄၁၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၇၂၀၉၁၊ ၀၇၁- ၂၀၇၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၇၇၊ ၀၅၉- ၂၀၂၄၀၇၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၇၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၇၅၊ ၀၅၇- ၂၀၂၇၉၇၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၀၂၄၅၄၀၊ ၀၈၁- ၂၀၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

❑ **သတင်းကြေညာချက်မှ**

(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်းမြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊
(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် လေပွေ့ချောင်းမြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊
(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်းမြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊
(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သပြုချိုင်(ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊
(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊
(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊
(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊
(ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင် ချောင်းဝကျေးရွာမြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄. ၄၀ မိနစ်၊
(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာမြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊
(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်းမြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁. ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊
(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန်ဘုတ်ကျွန်း(MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊
(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊
(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊
(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များကို ရာသီဥတုခိုလှုံခွင့်ပြုရာနေရာသတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး၊ ပုစွန် ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာအရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်ပြီး အရှက်သိက္ခာကင်းမဲ့စွာ ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် "စောင့်ပက်" တေးသီချင်းဗီဒီယိုနှင့် "စကားလေးတစ်ခွန်းပဲပြော ချစ်လား" တေးသီချင်းဗီဒီယိုတို့နှင့်ပတ်သက်သည့် သက်ဆိုင်သူများကို ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများ ရိုက်ကူးထုတ်လွှင့်ပြသရေးနှင့်ပတ်သက်၍ ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

အချို့သော တေးသီချင်းဗီဒီယိုရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှုရရှိစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်း အတူတကွနားထောင်ကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိသြတ္တပ္ပတရားကင်းမဲ့သော တေးသီချင်းဗီဒီယိုများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရိုက်ကူးထုတ်လွှင့်နေကြသည်ကို တွေ့ရှိပါသဖြင့် လူမှုကွန်ရက်စာမျက်နှာများအပါအဝင် မြန်မာ့ယဉ်ကျေးမှုကို ဆန့်ကျင်သော၊ ညစ်ညမ်းသောအပြောအဆို၊ အပြုအမူများပါဝင်သည့် ရိုက်ကူးထုတ်လွှင့်ဖော်ပြမှုများနှင့်ပတ်သက်၍ ထုတ်လုပ်သူ၊ စီစဉ်ရိုက်ကူးသူ၊ သရုပ်ဆောင်များကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးထားခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ လူမှုကွန်ရက်စာမျက်နှာများတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအထိမ်းအမှတ်ဖြစ်သည့် သင်္ကြန်သီချင်းကို ရှန့်ရင်းကြမ်းတမ်းသော သီချင်းစာသားဖန်တီးမှုများဖြင့်လည်းကောင်း၊ ဟီရိသြတ္တပ္ပတရားကင်းမဲ့သော ဝတ်စားဆင်ယင်မှုများဖြင့်လည်းကောင်း အရှက်သိက္ခာကင်းမဲ့စွာ ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် "စောင့်ပက်"တေးသီချင်းဗီဒီယိုနှင့် "စကားလေးတစ်ခွန်းပဲပြော ချစ်လား"တေးသီချင်းဗီဒီယိုတို့နှင့်သက်ဆိုင်သူများအားလုံးကို ရန်ကုန်မြို့ ဗဟန်းမြို့မရဲစခန်းတွင် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)ဖြင့် အမှုဖွင့်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။


"စောင့်ပက်" တေးသီချင်းကို တေးသံရှင် ချန်လုံး၊ တေးရေးညောင်တုန်းဌေးဝင်း၊ Music & Mixing သိန်းဝင်းထွန်း၊အကအဖွဲ့ ချန်လုံးနှင့် The Future Dancer Crewတို့က ပါဝင်သီဆိုရိုက်ကူးထားခြင်းဖြစ်ပြီး "စကားလေးတစ်ခွန်းပဲပြော ချစ်လား" တေးသီချင်းကို တေးသံရှင် Brown၊ သရုပ်ဆောင် Ekary Mon, Pab Yati, Cleo DeNile, Bagan Nyein, Htike Htike, ဂီတမှူး T Boy (B+)တို့က ပါဝင်သီဆိုရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

သို့ပါ၍ ရုပ်ရှင်နှင့်ဗီဒီယိုကားများ၊ တေးသီချင်းဗီဒီယိုများရိုက်ကူးထုတ်လွှင့်ရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့်ဖီလာဆန့်ကျင်ပြီး ဟီရိသြတ္တပ္ပတရားကင်းမဲ့သည့်ပြောဆိုမှုများ၊ ရိုက်ကူးထုတ်လွှင့်မှုများမပြုကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။


**ပြန်ကြားရေးဝန်ကြီးဌာန**

**အိပ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

အကြမ်းဖက်သောင်းကျန်းသူများက ကော့ကရိတ်မြို့သို့ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အခြေနေပြမြေပုံ




တပ်မတော်စစ်ကြောင်းများက ကော့ကရိတ်မြို့ဝန်းကျင်ရှိ
အကြမ်းဖက်သောင်းကျန်းသူများအားပြန်လည်တိုက်ခိုက်ချေမှုန်းခဲ့သည့်အခြေနေပြမြေပုံ





☆ **ကျောဖုံးမှအဆက်**

ထို့ကြောင့် တပ်မတော်မှ အင်အားထပ်မံဖြည့်တင်းကာ မေ ၁၉ ရက်မှစ၍ ကော့ကရိတ်မြို့ဝန်းကျင်ရှိ အကြမ်းဖက်သောင်းကျန်းသူများကို အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter – Terrorism Operation)ကို လက်နက်ကြီးပစ်ကူများရယူပြီး စနစ်တကျအဆင့်ဆင့် ခြေကုတ်ယူ၍ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် စုစုပေါင်းထိတွေ့တိုက်ပွဲ ကိုးကြိမ်ဖြစ်ပွားခဲ့၍ မေ ၂၂ ရက်တွင် တပ်မတော်က အဆိုပါဒေသအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် ကော့ကရိတ်မြို့၏ မြောက်ဘက်ရှိ ကောင်းမှုကျေးရွာဘက်သို့ လာရာလမ်းကြောင်းအတိုင်း ဖရိုဖရဲ ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။

အဆိုပါတိုက်ပွဲများတွင် အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်းအချို့၊ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရရှိခဲ့ပြီး **စာမျက်နှာ ၂၂ သို့**





အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကော့ကရိတ်မြို့ အမှတ်(၅) ရပ်ကွက် မီးလောင်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။














ကျုံဒိုး–ကော့ကရိတ်ဒေသ တိုက်ပွဲဖြစ်စဉ်များတွင် သိမ်းဆည်းရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၁ မှအဆက်

မိမိဘက်မှ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများကို ထပ်ကြပ်လိုက်လံချေမှုန်းတိုက်ခိုက်လျက်ရှိပြီး ကော့ကရိတ်မြို့အတွင်း ပျက်စီးခဲ့သည့် အပျက်အစီးများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများ၏ နှောင့်ယှက်တိုက်ခိုက်မှုများကြောင့် စိုးရိမ်ထိတ်လန့်ပြီး ယာယီနေရပ်စွန့်ခွာခဲ့ကြသည့် ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်ရေး စည်းရုံးဆောင်ရွက်ခဲ့ရာ ဧပြီ ၂၇ ရက်ထိ ကော့ကရိတ်မြို့တွင်းသို့ အိမ်ထောင်စု ၂၈၈ စု၊ အမျိုးသား ၃၆၂ ဦး၊ အမျိုးသမီး ၂၃၅ ဦး၊ စုစုပေါင်း ၅၉၇ ဦး ပြန်လည်ဝင်ရောက်နေထိုင်လာကြကြောင်းသိရှိရပြီး ဆက်လက်၍လည်း ၎င်းတို့၏နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သတင်းရရှိသည်။









အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကော့ကရိတ်မြို့ အမှတ်(၅) ရပ်ကွက် မီးလောင်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

## နွေရာသီ ရေရှားပါးမှုများဖြစ်ပေါ်လာပါက ဆက်သွယ်သတင်းပေးပို့နိုင်ပါရန် အသိပေး

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ် နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုဖြစ်နိုင်ခြေရှိသော ကျေးရွာများကို ကြိုတင်စာရင်းကောက်ယူခြင်း၊ ကျေးရွာများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန်နှင့် သောက်သုံးရေအလျှင်အမြန်ပံ့ပိုးဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များကြိုတင်ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ နွေရာသီရေပြတ်လပ်မှုများဖြစ်ပေါ်လာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် အချက်အလက်များ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရေးအတွက် www.water-donation.com Website အား ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

သောက်သုံးရေပြတ်လပ်မှုများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှတစ်ဆင့် သက်ဆိုင်ရာကျေးရွာအသီးသီးသို့ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များကို ဖြန့်ဝေထားပြီးဖြစ်သည့်အတွက် သောက်သုံးရေရှားပါးမှုဖြစ်ပေါ်ပါက ဖုန်း၊ Facebook၊ Viber၊ Messenger စသည့် ဆက်သွယ်ရေးနည်းလမ်းမျိုးစုံဖြင့် ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း အသိပေးထားပြီးဖြစ်ပါသည်။

ထို့ပြင် www.water-donation.com Website သို့ ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ မိုဘိုင်းဖုန်းများ၌ အသုံးပြုနိုင်သော Water-Donation Mobile Application ဖြင့်လည်းကောင်း ဆက်သွယ်သတင်းပေးပို့နိုင်သည်။ အဆိုပါ Water-Donation Mobile Application ကို ဖော်ပြပါ Website တွင် အလွယ်တကူရယူအသုံးပြုနိုင်ကြောင်းနှင့် ကျေးရွာများ၌ ရေရှားပါးပြတ်လပ်မှုများဖြစ်ပေါ်လာပါက ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း အသိပေးအပ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧပြီ၂၇ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Hein Win Zaw”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာနေ ဟိန်းဝင်းဇော်အား နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဝမ်းတွင်းမြို့နယ်ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။


**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြောင်းပြချက်

လင်းလက်ကြယ်(လက်ဝဲလှ)



(၁)

"အစ်ကို ဆင်းရအောင်"

လှမောင်ပြောတော့မှ တွေးနေသည့် အတွေးများကို ဖျောက်ပြီး လှမောင်နှင့်အတူ ဝင့်အပေါ်ကို တက်လိုက်သည်။ တက်သာ တက်လိုက်ပေသည့် စိတ်ထဲက ဖြင့် ကြောက်နေမိသည်။

"အစ်ကို ဘာမှမကြောက်နဲ့။ ကျွန်တော်လဲ အစတုန်းကတော့ ကြောက်ခဲ့တာပဲ။ နောက်တော့လဲ ရိုးသွားတာပဲ။ အောက်ကို မကြည့်ရဲရင် မျက်လုံးမှိတ်ထားလိုက်။ လက်တစ်ဖက်က ဝင့်ကြိုးကိုင်ပြီး တစ်ဖက်က အသက်ကယ်ကြိုးကို အလိုက်သင့်ကိုင်ထားလိုက်"

လှမောင်က ကျွန်တော့်ပုံစံကိုကြည့်ပြီး လိုအပ်သည်များကို ပြောပြကာ သူကိုယ်တိုင် ရှေ့ကလုပ်ပြနေသည်။ လှမောင် လုပ်သလို လိုက်လုပ်ပြီး မျက်စိကိုမှိတ်၍ ကြောက်စိတ်များကို ဖျောက်နေမိသည်။ ကျွန်တော်တို့စီးနေသည့် ဝင့်သည်လည်း တဖြည်းဖြည်းနှင့် အောက်ကိုသွားနေသည်ကို သတိထားလိုက်မိသည်။

"ဘာမှမကြောက်နဲ့အစ်ကို။ တကယ်လို့ ဝင့်ပြတ်ခဲ့ရင်တောင် အသက်ကယ်ကြိုးကိုသာ ပိုင်ပိုင်ကိုင်ထားလိုက်"

လှမောင်က လိုရမည်ရ သတိပေးနေသော်လည်း ကျွန်တော့်အနေဖြင့် ကြောက်စိတ်တို့က ပိုကြီးနေလေသည်။ စိတ်ထဲကလည်း လိုက်ခဲ့မိတာ မှားများနေပြီလားဟု တွေးလိုက်မိသည်။ ကျွန်တော်သည် လက်ပံလှရွာမှာ ကြီးပြင်းခဲ့သူ ဖြစ်သော်လည်း ရွှေတောအလုပ်ကို မလုပ်ခဲ့ဖူးပေ။ လုပ်ဖို့နေနေသာသာ ရွှေတူးသည့်အင်းကိုပင် မမြင်ဖူးပေ။ အခြားသော သူငယ်ချင်းများ၏ ပြောစကားသာ ကြားဖူးခဲ့သည်။ ကျွန်တော်တို့ စဥ့်ကူးမြို့နယ်သည် ရွှေအင်းလုပ်ကိုင်သည့်နေရာများအလွန်ပေါများလှသည်။ ကျွန်တော်တို့ လက်ပံလှရွာ၏အရှေ့ယွန်းယွန်းရှိ တောင်ကုန်းများထဲပင် ရွှေတူးဖော်သူများရှိကြသည်။ ဝါးပိုးရွာ၊ ဒိုးနွယ်ရွာတို့သည် ရွှေတူးဖော်လုပ်ငန်းလုပ်ကိုင်သော ရွာများဖြစ်ပေသည်။ ထိုနေရာများကို ကြားသာ ကြားဖူးခဲ့သော်လည်း မရောက်ဖူးခဲ့ပေ။ သူငယ်ချင်းများက ရောက်ဖူးအောင်ခေါ်သော်လည်းကျွန်တော့် မိဘများက သွားဖို့ကို ခွင့်မပြုခဲ့ပေ။ ကျောင်းတက်နေရသောကြောင့်ဖြစ်သည်။ ရွှေတောဆိုသည်မှာလည်း လူမျိုးစုံ၊ စရိုက်မျိုးစုံရှိကြတော့အတုခိုးမှား၊ အန္တရာယ်များသောကြောင့် ကျွန်တော့်မိဘများက မလွှတ်ခြင်းဖြစ်ပေသည်။

ဆယ်တန်းအောင်သော်လည်း အလုပ်ရသွားသည့်အတွက် ပိုပြီးမရောက်ခဲ့ပေ။ ကျွန်တော်အလုပ်လုပ်သည့်နေရာမှာ ကျွန်တော်တို့ လက်ပံလှရွာတွင်ရှိသော မောင်းတံဂိတ်တွင် လုပ်ကိုင်ခဲ့သည်။ မောင်းတံဂိတ်မှာပင် လှမောင်တို့နှင့်စတွေ့ခဲ့သည်။ လှမောင်နှင့်အတူ ငါးနှစ်တိတိ ဂိတ်မှာအတူတူ လုပ်ကိုင်ခဲ့ရသည်။ နောက်တော့ လှမောင်လည်း မိန်းမရသွားပြီး ဂိတ်ကနေထွက်သွားပြီ။ ကျွန်တော်လည်း ဘွဲ့ရသွားတော့ မြို့ပေါ်က ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်ရင်း အိမ်ထောင်ကျခဲ့သည်။ သည်လိုနှင့် ကိုဗစ်များဖြစ်၍ ကုမ္ပဏီက လူလျှော့တော့ ကျွန်တော်ပါခဲ့လေသည်။ ထို့နောက်ပိုင်းတွင် မိဘအိမ်ကို ပြန်ကပ်နေလိုက်သည်။ မိဘအိမ်မှာနေသော်လည်း ရေရှည်အတွက် အလုပ်လေးလုပ်မှ အဆင်ပြေမည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးလုပ်ရန် ဆုံးဖြတ်လိုက်သည်။ သည်လိုနှင့် နှစ်များသာ ကြာသွားသည် စီးပွားရေးက အဆင်မပြေခဲ့ပေ။ သားသမီးကလည်း သုံးယောက်ဆိုတော့ စားအိုးကကြီးလာပြီ။ စိုက်ပျိုးရေးလေးနှင့် အဆင်မပြေ၍ ယခင်လိုမြို့ပေါ်တွင် ကုမ္ပဏီအလုပ်လေးပြန်လုပ်မည်ဟုတွေးတော့လည်း အဆင်ကမပြေပြန်ဘူး။ သို့နှင့် စိုက်ပျိုးရေးလေးတစ်ဖက် ကြုံရာကျပန်းလေး လုပ်ကိုင်ရင်း လှမောင်နှင့် ပြန်တွေ့ခဲ့၏။ လှမောင်နှင့်ပြန်တွေ့တော့ အဆင်မပြေသည့်အကြောင်းကို ပြောပြတော့ သူနှင့်အလုပ်လိုက်ရန် ပြောလေသည်။ သူလည်း ယခုအလုပ်၌ လုပ်ရသည်မှာ အဆင်ပြေသည်ဟု ရှင်းပြလေသည်။ တစ်ရက်တစ်ညကို လေးသောင်း၊ ငါးသောင်းရသည်ဟုပြောပြ၏။ လှမောင်ပြောပြတော့ အလုပ်က လုပ်ချင်စရာ အလွန်ကောင်းလေသည်။ သို့သော် လုပ်ရမည့်အလုပ်သည် ရွှေအင်းဆင်းရမည့်အလုပ်ဖြစ်သဖြင့် နည်းနည်းလန့်သွားသည်။ သို့သော် အဆင်မပြေသည်ကို ညည်းတွားနေမည့်အစား လှမောင်နှင့် လိုက်လုပ်ကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။

"ဒုန်း"

"အမယ်လေးဗျ"

"ဝင့်ကြိုးထပ်တာရယ် အစ်ကို"

ကျွန်တော်လန့်သွားသည်ကိုကြည့်ပြီး လှမောင်က ပြောလိုက်သည်။ ထိုအချိန်မှာပင် လက်တစ်ဖက်က ဝင့်ကြိုးကိုတင်းတင်းဆုပ်ကိုင်လိုက်ပြီး ကျန်တစ်ဖက်က အသက်ကယ်ကြိုးကို ကိုင်လိုက်သည်။ မှိတ်ထားသည့် မျက်လုံးများကို ဖွင့်ကြည့်လိုက်တော့ မှောင်မဲနေသည်။

(၂)

"လာ အစ်ကို။ ကျွန်တော့်နောက်က လိုက်ခဲ့။ ဟိုလူတွေက ရှေ့က သွားကြပြီ"

မြေပြင်ကို ခြေထိနေသော်လည်း ကြောက်စိတ်ကဖြင့် မပြယ်သေးပေ။ လှမောင်က ပြောပြောဆိုဆိုနှင့် ရှေ့ကသွားနေသဖြင့် ကျွန်တော်လည်း နောက်ကလိုက်ခဲ့လိုက်သည်။ နေနေကျမဟုတ်သဖြင့် အသက်ရှူရတာပင် အားမရသလိုပင်။ အသက်ရှူကျပ်သလို ခံစားနေရသည်။

"အစ်ကို ခေါင်းတိုက်မိအုံးမယ်။ ဂရုစိုက်အုံး"

တဖြည်းဖြည်းနှင့် သွားသည့်နေရာများသည် လူတစ်ရပ်မရှိတော့ဘဲ သုံးပေသာသာလောက်ပင် ရှိလာတော့သည်။ အချို့နေရာများသည် လူတစ်ရပ်ကျော်၍ အကျယ်သည်လည်း တော်တော်ကျယ်သည်။ အချို့နေရာများသည် လေးဖက်ထောက် သွားရသည့်နေရာများပင် ရှိလေသည်။ အမှောင်ထုကို ခေါင်းပေါ်က ဓာတ်မီး၏အလင်းရောင်ကို အားပြုပြီး သွားနေရသည်။

"ဒီလို ကျဉ်းတဲ့နေရာတွေကျတော့ ဘယ်လိုသယ်မှာလဲ"

ကျွန်တော့်အမေးကြောင့် လှမောင်လှည့်ကြည့်လိုက်သည်။ လှမောင်လှည့်ကြည့်တော့ လှမောင် ဓာတ်မီး အလင်းရောင်ကြောင့် မျက်စိများ ပြာသွားသည်။

"ရှေ့မှာ အဝကျယ်တဲ့နေရာတွေရှိတယ်။ အဲဒီနေရာတွေမှာ ရသလောက်စုပြီး တစ်အိတ်ချင်းဆွဲထုတ်ရမှာ"

"လွယ်တော့ မလွယ်ဘူးနော်"

လှမောင်၏ အဖြေကို ပြန်ပြောလိုက်သည်။ ကျွန်တော့် အပြောကြောင့် လှမောင်က ပြုံးပြလေသည်။ ပြီးတော့ လှမောင်က ရှေ့ကနေ ဆက်သွားနေသည်။

(၃)

"ကဲ ခဏ နားရင်း အားဖြည့်ရအောင်ဟေ့"

အပေါ်ကနေ အင်းထဲကို ကျွန်တော်တို့ ဆင်းခဲ့သည့်အချိန်သည် နံနက် ၁၁ နာရီကပင်ဖြစ်သည်။ ယခု နာရီကိုကြည့်လိုက်တော့ နောက်နေ့ နံနက် ၂ နာရီပင် ရှိပြီ။ရောက်ကတည်းက လုပ်ကိုင်နေသည်မှာ ယခုမှပင် နားရသည်။ ကျွန်တော်တို့အဖွဲ့သည် ၁၅ ယောက် ရှိလေသည်။ လုပ်ရသည့်အလုပ်မှာ ရှေ့က ဂန်းထိုးထားသော ဖြုန်းပိုင်းများ အပေါ်ရောက်အောင် ကဲ့ထုတ်ရလေသည်။ အိတ်ပြတ်ပေးထားသောကြောင့် အိတ်ရေများများ သယ်ထုတ်နိုင်လေ ပိုက်ဆံများများရလေသည်။ ထို့ကြောင့် ကျွန်တော်တို့အဖွဲ့သည် မနားဘဲ အိတ်ရေများများရသလောက် ကဲ့ထုတ်ကြသည်။ နာရီပေါင်းများစွာ လုပ်ကိုင်ရသောကြောင့် လူက သိပ်ပြီးမလုပ်နိုင်တော့ပေ။ ပိုဆိုးသည်က မအိပ်ရတော့ ပိုဆိုးလေသည်။ နားနေသည့်အချိန် အချို့က ဆေးလိပ်သောက်သူသောက်၊ အရက်မော့သူမော့နှင့်။ အချို့က ကိုယ်စီ ကိုယ်စီ အချိုရည်ဘူးလေးများနှင့် မီးခြစ်လေးကိုင်ပြီး အခြားနေရာကို ထွက်သွားကြသည်။

"အစ်ကို ချအုံးမလား"

လှမောင်က အရက်ပုလင်းကို ထောင်ပြတော့ ကျွန်တော် ခေါင်းယမ်းပြလိုက်သည်။

"အဲဒါဆို ကျွန်တော်တို့နဲ့ နတ်မင်း လိုက်လုပ်လှည့်လေ"

"အစ်ကိုက အရက်တောင်မသောက်ဘူး။ မင်းတို့အငွေ့ဆို ပိုဆိုးပေါ့"

ကျွန်တော့်အစား လှမောင်က ထပြောလိုက်သည်။ အစကတော့ဖြင့် သူတို့စကားကို နားမလည်ပေ။ လှမောင်ပြောလိုက်မှ အငွေ့ဆိုတာကို သဘောပေါက်လိုက်သည်။

"အစ်ကို ခဏအိပ်ချင်ရင်အိပ်လေ။ အလုပ်စတော့မှ နှိုးမယ်"

လှမောင်အပြောကြောင့် ခေါင်းညိတ်ပြရင်း အနားက အိတ်ခွံအပုံပေါ် လှဲလိုက်သည်။

"အိပ်မယ်ဆိုရင် အပေါ်ကြည့်အုံး အစ်ကို။ ကံဆိုတာပြောမရဘူး။ ကျောက်အင်းဆိုပေမဲ့ အက်ကြောင်းတွေ ဘာတွေရှိရင်တို့၊ ညှပ်ကျောက်လုံးတွေရှိရင်တို့ အဲဒီအောက်တွေ မနားနဲ့"

လှမောင်က သတိပေးသဖြင့် ကျွန်တော်လည်း ဓာတ်မီးဖြင့် အပေါ်ထိုးကြည့်လိုက်သည်။

"အဲဒီနေရာ မအိပ်နဲ့အစ်ကို။ အဲဒီနေရာက စိတ်မချရဘူး"

ကျွန်တော်လည်း အပေါ်ကို ဓာတ်မီးဖြင့်ထိုးကြည့်ရင်း လှမောင်စကားကို ခေါင်းညိတ်လိုက်သည်။ ပြီးတော့ အိတ်အလွတ်များ ယူပြီး အခြားနေရာမှာ သွားအိပ်လိုက်သည်။

(၄)

"ဘုန်း ဒုန်း ဒုန်း ဒုန်း"

"အား. . ."

အိပ်နေသည့်အချိန် ခြေထောက်ပေါ်ကို မာကျောသည့်အရာက လာတိုက်သည့်အတွက် ကျွန်တော် ထအော်လိုက်သည်။ ကျွန်တော့် အော်သံကြောင့် အခြားလူများသည်လည်း ကျွန်တော့်အနားသို့ ပြေးလာကြသည်။ ကျွန်တော့် ခြေသန်းနှင့် ခြေသူကြွယ်မှာတော့ သွေးများ ထွက်နေသည်။

"ဟာ အစ်ကို ခြေထောက်မှာ သွေးတွေထွက်နေတယ်။ ကျိုးများသွားတာလား"

"ကျိုးတော့ မသွားပါဘူး။ လိမ့်လာတဲ့ အရှိန်နဲ့ ခြေထောက်ပေါ်ဖြတ်သွားတော့ ခိုက်မိသွားတာ။ တော်သေးတာက ကျောက်လုံးက သေးလို့"

လှမောင်စကားကို ဖြေရင်း အနားရှိသည့် ကျောက်တုန်းကို ဓာတ်မီးဖြင့်ထိုးပြလိုက်သည်။

"တော်သေးတာပေါ့အစ်ကိုရာ။ ကျောက်တုန်းကျတဲ့နေရာသာ အိပ်မိလို့ကတော့ မလွယ်ဘူးမှတ်။ တော်တော်ကံကောင်းတာပဲ။ ကျွန်တော်တို့က အလုပ်စနေပြီ။ အစ်ကို အိပ်ပါစေဆိုပြီးမနှိုးဘဲ ထားထားတာ။ အခုလဲ ခြေထောက်ကဖြစ်ခါစဆိုတော့ အစ်ကို နားနေလိုက်ပါ။ ကျန်တာ ကျွန်တော်တို့လုပ်လိုက်မယ်"

လှမောင်ပြောစကားကြောင့် ရင်ထဲမှာ ဝမ်းနည်း၊ ဝမ်းသာဖြစ်နေမိသည်။ အခြားသူများသည်လည်း

စာမျက်နှာ ၂၅သို့ ➤

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးပြေမ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**မော်လမြိုင်ကျွန်း ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးပြေမ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကုန်အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့် ဖေဖော် ဝါရီလအတွင်းက ငါးပြေမပိဿာချိန် ၅၈၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးပြေမပိဿာချိန် ၇၇၀၀၀ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ မတ်လတစ်လအတွင်း ငါးပြေမပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ပြီးခဲ့တဲ့ လတွေကထက် ပိဿာချိန်တော်တော်များများပိုမို တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ ငါးပြေမအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်မြို့ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချတာများ ပါတယ်။ ဝယ်ယူမှုအားကောင်းပြီး ဈေးကတော့ ပုံမှန်အခြေအနေမှာပဲ ရှိနေပါတယ်။ အခြားရေထွက်ကုန် တွေလဲတင်ပို့ရောင်းချနေပါတယ်။ ငါးပြေမကတော့ အများဆုံးတင်ပို့ခဲ့ရတာပါ"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် လယ်ငါးပြေမနှင့် မွေးမြူရေးငါးပြေမ နှစ်မျိုးထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ငါးပြေမ ပိဿာချိန် ၁၀၀လျှင် ငွေကျပ် ၁၀၅၀၀၀ ထိဈေးပေါက်နေကြောင်း၊ ငါးပြေမသည် ဈေးကွက် အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ငါးပြေမအမျိုးအစားကို ထပ်တိုး မွေးမြူလာကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တောင်ငူမြို့နယ် အိုင်သုံးဆင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်ငူ ဧပြီ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိုင်သုံးဆင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့် ခရိုင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၊ တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အိုင်သုံးဆင့်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ၊ မရှိ၊လအလိုက်ပေးပို့ရမည့်စာရင်း ဇယားများပြည့်စုံမှန်ကန်မှုရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီးခရိုင်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

တောင်ငူမြို့နယ် အိုင်သုံးဆင့်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၁၉ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၁၅ ဒသမ ၃ သန်း၊ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ၉၃ ဦးကို ငွေကျပ် ၂၁ ဒသမ ၀၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅ ဒသမ ၄ သန်း ထုတ်ချေး ပေးထားကြောင်း တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးထံမှ သိရသည်။

**ကိုညို**



➤ စာမျက်နှာ ၂၄ မှအဆက်

လှမောင်စကားကို ထောက်ခံပြီး ကျွန်တော့်ကို နားခိုင်းကြသည်။ မိတ်ဆွေစစ်ဆိုသည်မှာ မင်းဘာမှမရှိသည့်အချိန်၊ မင်းအခက်အခဲဖြစ်နေသည့်အချိန်မှာ ကူညီပေးသည့်သူသာ ဖြစ်သည်။ ယခု အချိန်မှာ အဲသည်စကားလေးကို သတိရသွားပြီး လှမောင်ကို ကျေးဇူးတင်နေမိသည်။

(၅)

"အစ်ကို သက်သာလား"

အလုပ်နားရက်လေးမှာ လှမောင်က အိမ်လာပြီး ကျွန်တော့်ကို လာမေးခြင်းဖြစ်သည်။ ကျွန်တော်တို့အလုပ်သည် တစ်ရက်တစ်ညဆင်းပြီးလျှင် နောက်ထပ်တစ်ရက်တစ်ညနားရလေသည်။ နားရက်လေးအတွင်းမှာ ညကခိုက်မိထားသည့် ဒဏ်ရာအခြေအနေကို လှမောင်က လာမေးခြင်းဖြစ်သည်။

"သက်သာပါတယ်ကွာ။ ညက ဖြစ်ဖြစ်ချင်းမို့ နာသွားတာပါ"

"မနက်ကော လိုက်အုံးမှာလား"

လှမောင်အမေးကြောင့် ကျွန်တော် တွေဝေသွားမိသည်။ အမှန်အတိုင်းပြောရလျှင် တစ်ကိုယ်လုံးကို ကိုင်ရိုက်ထားသလို ခံစားနေရသည်။ ကျောက်တုံးကျလို့ရသည့် ဒဏ်ရာက အဲသည်လောက်မဟုတ်ဘူး။ ဖြုန်းပိုင်းများသယ်ရသည်က အကျင့်မရှိ၍ နာနေသည်။ နာနေသည့် ဒဏ်များကြောင့် လှမောင်မေးသည့်အဖြေကို ပြန်ဖြေရန် တွေဝေနေမိသည်။ အဲသည်အချိန် နံနက်က ဇနီးဖြစ်သူပြောသည့်စကားများကို ပြန်ကြားနေမိသည်။

"အခုလိုလေး ပုံမှန်ငွေဝင်နေရင် အကြွေးတွေလဲ ကျေပြီး ကလေးတွေလဲ ကျောင်းလိုက်ရတာ ပြည့်ပြည့်စုံစုံ ရှိမှာပဲ"

ဝမ်းသာမှု၊ စိုးရိမ်မှုများနှင့် ယှဉ်ဖြိုင်ဖြစ်ပေါ်သွားသည့် မိန်းမမျက်နှာလေးကို ပြန်မြင်ယောင်ပြီး သက်ပြင်းချလိုက်မိသည်။ ရွှေအင်းလုပ်ငန်းသည် အသက်အန္တရာယ်ရှိသော်လည်း မိသားစုအဆင်ပြေရန် အတွက် ဖက်တွယ်ရဦးမည်ဆိုသည့်အသိလေးဖြင့် သက်ပြင်းကို တိုးတိုးလေးချပြီး လှမောင်ကို အဖြေပြန်ပေးလိုက်မိသည်။

"လိုက်ရမှာပေါ့ကွာ"

## မျိုးချစ်စိတ်ထား ပြစို့လား

- စစ်မှုထမ်းဖို့ မိဋ္ဌာန်ရည်
  လူငယ်တိုင်းကိုယ်စီ။
- တိုင်းပြည်အကျိုးသယ်ပိုးရေး
  ရှေးရှုပါစို့လေး။
- ပြည်ဖျက်ဘေးရန်အဖြာဖြာ
  ချုပ်ငြိမ်းပပျောက်ရာ။
- ကာကွယ်တိုက်ဖျက်ရပ်တည်ထား
  တပ်မတော်ကြီးအား။
- အင်အားပိုမိုတောင့်တင်းရာ
  ပါဝင်အားဖြည့်ကာ။
- ပြည်သာယာ၍ အေးချမ်းလျက်
  တိုးတက်စေရေးတွက်။
- ဆောင်ရွက်စီမံမှုများတွင်
  ဆတက်ထမ်းပိုးအောင်မြင်။
- ရှိစေချင်သည့်မြတ်စိတ်ဓာတ်
  ပွားများကာမပြတ်။
- တပ်မတော်သို့ဝင်ရောက်ခါ
  စစ်မှုထမ်းကြကာ။
- တို့များရင်မှာရှိကာထား
  နိုင်ငံလူမျိုးချစ်စိတ်အား၊
  ပြသကြစို့လား။ ။

**အင်ကြင်းသူ(နေပြည်တော်)**

# မြို့သစ်မြို့နယ် သီးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြို့သစ် ဧပြီ ၂၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သီးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်းအသင်းဝင်ကျေးရွာသူ၊ ကျေးရွာသားများလိုက်နာရန် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး သီးပင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၂ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက သီးပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၈၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ၂၂၂ ဦးကို ငွေကျပ် ၅၂ ဒသမ ၇ သန်း ထုတ်ချေးပေးကြောင်း သိရသည်။

မြို့သစ်မြို့နယ် သီးပင်ကျေးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံ ငွေကျပ်သိန်း၃၀၀ မတည်ပေးခဲ့ကြောင်း သိရသည်။

**အိမိုးမိုး**

# ရဟတ်ယာဉ်တင်သင်္ဘောများကို အပေါ့စားလေယာဉ်တင်သင်္ဘောပုံစံပြောင်းလဲရန်ကြိုးပမ်းနေသော ဂျပန်

ဂျပန်နိုင်ငံသည် ၎င်း၏လေယာဉ်တင်သင်္ဘောအုပ်စုကို ပြန်လည်တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ စတင်အကောင်အထည်ဖော်နေပြီဖြစ်သည့်အတွက် ဒုတိယကမ္ဘာစစ်ပွဲပြီးဆုံးပြီးကတည်းက တည်ဆောက်ပြုပြင်မှုများလုပ်ဆောင်ခြင်းမရှိသေးသည့် လေယာဉ်တင်သင်္ဘောတည်ဆောက်သွားမည့် လုပ်ငန်းစဉ်ကို အစပျိုးလိုက်ခြင်းပင်ဖြစ်သည်။ အဆိုပါစီမံကိန်းတွင် ၎င်း၏ Izumo အတန်းအစား ရဟတ်ယာဉ်တင်ဖျက်သင်္ဘောများကို F-35B အပေါ့စားလေယာဉ်တင်သင်္ဘောများအဖြစ်ပြုပြင်ပြောင်းလဲသွားမည့် ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မှုများ ပါဝင်မည်ဖြစ်ပြီး တိုးတက်အောင်မြင်မှုများ အရှိန်အဟုန်ရရှိလျက်ရှိသည်။

ဂျပန်ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့(JMSDF)သည် ၎င်း၏ရဟတ်ယာဉ်တင်ဖျက်သင်္ဘော Kaga ကို လော့ခ်ဟိဒ်မာတင်ထုတ် F-35B တိုက်လေယာဉ်တင်ဆောင်နိုင်ရေးအတွက် ပထမဆုံးအဆင့်နှစ်ခုကို တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း ဗြိုလထုတ် ရေတပ်ဆိုင်ရာသတင်းစာ၌ ဖော်ပြထားသည်။ ပထမဆုံးသော အဆင့်မြှင့်တင်တည်ဆောက်မှုလုပ်ငန်းကို၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ခဲ့ရာ ပုံမှန်စမ်းသပ်စစ်ဆေးမှုများကို နှစ်နှစ်ခန့်ပြုလုပ်ပြီးနောက် လုပ်ငန်းစဉ်အပြီးသတ်နိုင်ခဲ့ပြီဖြစ်သည်။ ပထမဆင့်စမ်းသပ်မှုများ အောင်မြင်မှုရရှိခဲ့သဖြင့် Izumo ၏ ဒုတိယအဆင့် အဆင့်မြှင့်တင်မှုလုပ်ငန်းကို ၂၀၂၄ ခုနှစ်တွင် စတင်သွားမည်ဖြစ်သည်။ ထို့နောက် JMSDF သည် Izumo အတန်းအစား ရဟတ်ယာဉ်တင်ဖျက်သင်္ဘောပေါ်တွင် F-35B တိုက်လေယာဉ်များတင်ဆောင်ပြီး စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်သည်ထိ လိုအပ်သောအဆင့်မြှင့်တင်မှုများဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

Izumo အတန်းအစား ရဟတ်ယာဉ်တင်ဖျက်သင်္ဘောနှစ်စီးဖြစ်သည့် JS Izumo နှင့်JS Kaga တို့ကို ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မှုနှင့် စပ်လျဉ်း၍ စနစ်တကျတွက်ချက်ဆောင်ရွက်သော စီမံကိန်းသည် JMSDF ၏ မဟာဗျူဟာမြောက်မျှော်မှန်းချက်နှင့် စွမ်းဆောင်ရည်တို့ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ အဆိုပါ ခေတ်မီအဆင့်မြှင့်တင်မှု လုပ်ငန်းများသည် အဓိကကျသောအဆင့်နှစ်ခုဖြင့် မဟာဗျူဟာမြောက် လုပ်ဆောင်လျက်ရှိသောကြောင့် JMSDF ၏ အချိန်ကိုက်တိကျစွာ တွက်ချက်ဆောင်ရွက်မှုကို ပြသလျက်ရှိပြီး ဆိုလိုသည်မှာ သင်္ဘောများ၏ပြန်လည်ပြုပြင်တပ်ဆင်မှုနှင့် အလုံးစုံကြံ့ခိုင်ရေးဆောင်ရွက်မှုအစီအစဉ်များကို ငါးနှစ်လျှင်တစ်ကြိမ် တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်သွားခြင်းပင်ဖြစ်သည်။ ၎င်းဖျက်သင်္ဘောနှစ်စီးစလုံးကို F-35B အပေါ့စားတိုက်လေယာဉ်များ တင်ဆောင်နိုင်သည့် သင်္ဘောများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်မှုကို ၂၀၂၇ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် JMSDF ၏မဟာဗျူဟာမြောက်စီမံကိန်းနှင့်စွမ်းဆောင်ရည်တို့တွင် ယုံကြည်မှုပိုမိုမြင့်တက်လာစေလျက်ရှိသည်။

JMSDF သည် ၂၀၂၀ ပြည့်နှစ် အလယ်ပိုင်းခန့်ကတည်းက ယိုကိုဟာမာမြို့ရှိ Kanagawa ၌ JS Izumo ကို F-35B တိုက်လေယာဉ်များ တင်ဆောင်နိုင်သည့် လေယာဉ်တင်သင်္ဘောအဖြစ်ပြောင်းလဲတည်ဆောက်မှုလုပ်ဆောင်လျက်ရှိကြောင်း ရေတပ်ဆိုင်ရာသတင်းစာ၌ ဖော်ပြထားသည်။ Izumo၏ ဒုတိယမြောက်အဆင့်မြှင့်တင်မှုကို ၂၀၂၄ခုနှစ်တွင် စတင်သွားမည်ဖြစ်ပြီး ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည်၂၀၂၆ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးသတ်နိုင်ရန် မျှော်မှန်းထားရှိသည်။ လက်ရှိလုပ်ဆောင်နေသည့်တိုးတက်အောင်မြင်မှုများသည် JMSDF ၏ အနာဂတ်စွမ်းဆောင်ရည်များအတွက် မျှော်မှန်းချက်များကို ပျိုးထောင်ပေးနိုင်မည်ဖြစ်သည်။

Izumo အတန်းအစား ရဟတ်ယာဉ်တင်ဖျက်သင်္ဘောများကို အပေါ့စားလေယာဉ်တင်သင်္ဘောများအဖြစ်သို့ ပြောင်းလဲတည်ဆောက်ရန် ဂျပန်နိုင်ငံ၏ ဆုံးဖြတ်ချက်သည် အငြင်းပွားဖွယ်ရာဖြစ်ပေါ်ခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ဂျပန်နိုင်ငံ၏ကာလရှည်ကြာစွဲကိုင်ထားသော စစ်ရေးအရဆန့်ကျင်သည့်နိုင်ငံခြားရေးမူဝါဒကို ဆန့်ကျင်လျက်ရှိကြောင်း ဝေဖန်မှုများရှိသော်လည်း စစ်ရေးရှုထောင့်အရ အပေါ့စားလေယာဉ်တင်သင်္ဘောများတွင် လက်နက်တပ်ဆင်ရန်ဂျပန်နိုင်ငံ၏ ဆုံးဖြတ်ချက်ပေါ် ထွက်လာ သည်ဟု ကောက်ချက်ချပြောဆိုသူများလည်း ရှိနေသည်။



JS Izumo နှင့်JS Kaga ရဟတ်ယာဉ်တင်ဖျက်သင်္ဘောများကို အပေါ့စားလေယာဉ်တင်သင်္ဘောများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်းသည် ဂျပန်နိုင်ငံ၏ အချုပ်အခြာအာဏာကာကွယ်ရေးစွမ်းဆောင်ရည်များ မြှင့်တင်ခြင်းကဲ့သို့သော သိသာထင်ရှားသည့် စစ်ရေးဆိုင်ရာအကျိုးဖြစ်ထွန်းမှုများရရှိစေမည်ဖြစ်သည်။

တရုတ်နိုင်ငံနှင့် မြောက်ကိုရီးယားတို့၏ နယ်မြေအတွင်းသို့ ဝင်ရောက်ခွင့်နှင့် နယ်မြေငြင်းဆိုခွင့်စွမ်းဆောင်ရည်များ (A2/AD) တိုးတက်လာခြင်းသည် လေယာဉ်တင်သင်္ဘောများကို အားနည်းချက်ဖြစ်ပေါ်စေလျက်ရှိသည်။ ဂျပန်နိုင်ငံသည် လေယာဉ်တင်သင်္ဘောစစ်ဆင်ရေးကို အထောက်အကူပြုနိုင်သည့် လိုအပ်သောစစ်ဆေးမှုနှင့်အုပ်ချုပ်ထောက်ပံ့မှု သင်္ဘောများမရှိသည့်အပြင် အခြေခံအဆောက်အအုံ၊ နည်းပညာ၊ ဗဟုသုတလိုအပ်ချက်များနှင့်စနစ်များပေါင်းစပ်ရေးဆိုင်ရာ စိန်ခေါ်မှုများသည်လာမည့်ကာလအနည်းငယ်အတွင်း ဂျပန်နိုင်ငံအနေဖြင့် အမှီအခိုကင်းသည့် လေယာဉ်တင်သင်္ဘောစစ်ဆင်ရေးစွမ်းဆောင်ရည်များ ပိုင်ဆိုင်နိုင်မှုမရှိနိုင်သေးကြောင်းကို ဖော်ပြလျက်ရှိသည်။

သို့သော် ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်ဦးဆောင်သောညွန့်ပေါင်းအဖွဲ့၏ နယ်မြေအတွင်း အပေါ့စားလေယာဉ်တင်သင်္ဘောများဖြင့် တာဝန်ထမ်းဆောင်သွားမည်ဆိုလျှင် ဖြစ်နိုင်ခြေရှိမည်ဖြစ်သည်။ ဂျပန်နိုင်ငံ၏ အပေါ့စားလေယာဉ်တင်သင်္ဘောများသည် ထိရောက်သော စစ်ဆင်ရေးများအတွက် လေယာဉ်တင်သင်္ဘောများ လိုအပ်ချက်ဖြစ်ပေါ်နေသည့် အမေရိကန်၏လိုအပ်ချက်ကို တစ်စိတ်တစ်ဒေသဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ ထိုသို့ အလားအလာရှိသော ပူးပေါင်းဆောင်ရွက်မှုနှင့် ကာကွယ်ရေးဆိုင်ရာတာဝန်များ မျှဝေယူခြင်းသည် ဂျပန်နိုင်ငံ၏စစ်ဘက်ဆိုင်ရာစွမ်းဆောင်ရည်များနှင့် မဟာဗျူဟာမြောက်ရပ်တည်ချက်တို့ကို တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။

ဆိုရလျှင် ၂၀၂၉ခုနှစ်ထိ Gerald အကြီးစားလေယာဉ်တင်သင်္ဘောတည်ဆောက်မှု အပြီးမသတ်နိုင်ခြင်းသည် အမေရိကန်၏ ရေတပ်ဆိုင်ရာစစ်ရေယာဉ်တည်ဆောက်နိုင်မှု စွမ်းဆောင်ရည်ကိုချည့်နဲ့လာစေလျက်ရှိသည်။ အထူးသဖြင့်ကျွမ်းကျင်လုပ်သားရှားပါးလာခြင်း၊ အမေရိကန်၏ချူကလီးယားရေငုပ်သင်္ဘောစက်မှုလုပ်ငန်းအပေါ် သက်ရောက်မှုများရှိလာခြင်းတို့သည် ချူကလီးယားတွန်းကန်အားကဲ့သို့သောအရေးပါသောနည်းပညာတို့အပေါ် သက်ရောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။

ခေတ်မီစစ်ရေယာဉ်များ တည်ဆောက်မှုတွင် ကာလရှည်ကြာလိုအပ်ချက်များရှိလာခြင်းသည် အမေရိကန်ရေတပ်၏ လေယာဉ်တင်သင်္ဘော ၁၁ စီး၏ တာဝန်ထမ်းဆောင်နိုင်မှု အကွာအဝေးပိုမိုလျော့နည်းကျဆင်းလာစေလျက်ရှိသည်။ အထူးသဖြင့် အမေရိကန်ရေတပ်သည် ယခင်က ရှေ့တန်းစစ်မျက်နှာတွင် လေယာဉ်တင်သင်္ဘောသုံးစီး တပ်ဖြန့်ချထားနိုင်ခဲ့ပြီး လက်ရှိအချိန်တွင်နှစ်စီးသာ တာဝန်ပေးအပ်နိုင်တော့မည်ဖြစ်သည်။

ထို့ကြောင့် အမေရိကန်နှင့်ဂျပန်၏JS Izumo နှင့် JS Kaga တို့ပါဝင်သောနိုင်ငံပေါင်းစုံရေတပ်စစ်ရေးလေ့ကျင့်မှုသည် ညွန့်ပေါင်းတပ်ဖွဲ့တွင် ဂျပန်အပေါ့စားလေယာဉ်တင်သင်္ဘောများ၏ အခန်းကဏ္ဍကို အနည်းငယ်ထင်ဟပ်ပေါ်လွင်လာစေခဲ့သည်။ သို့သော် အပေါ့စားလေယာဉ်တင်သင်္ဘောများသည် ကိုရီးယားကျွန်းဆွယ်၊ ဆန်ကာကူကျွန်း၊ ထိုင်ဝမ်ရေလက်ကြားနှင့် တောင်တရုတ်ပင်လယ်တို့တွင် ဖြစ်ပေါ်လာနိုင်သည့် စစ်ပွဲ၏ရလဒ်ကိုမူ တစ်စုံတစ်ရာ ပြောင်းလဲနိုင်မည်မဟုတ်ချေ။

အပေါ့စားလေယာဉ်တင်သင်္ဘောများသည် တိုးတက်လာလျက်ရှိသည့် သင်္ဘောဖျက်နှင့်ရေငုပ်သင်္ဘောဖျက်ဒုံးကျည်များ၏ အန္တရာယ်ကိုကျော်လွှားနိုင်ဦးမည်မဟုတ်ချေ။ အထူးသဖြင့် အပေါ့စားလေယာဉ်တင်သင်္ဘောများသည် ဟန့်တားစွမ်းဆောင်ရည်ရှိသော ရေတပ်ဆိုင်ရာစိုးမိုးမှုကို အပြောင်းအလဲဖြစ်ပေါ်လာစေနိုင်မည်မဟုတ်ချေ။ ထို့ပြင် အပေါ့စားလေယာဉ်တင်သင်္ဘောများသည် ကုန်းမြေအခြေစိုက်တာဝေးပျံသန်းနိုင်သော လေယာဉ်များအတွက် ထူးခြားသာလွန်သော အကျိုးမရှိဘဲပျံသန်းဆင်းသက်နိုင်သည့် အခြေစိုက်နေရာလောက်သာ အထောက်အပံ့ဖြစ်စေနိုင်သည်။ ဂျပန်နိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်ပဋိပက္ခတွင် ပါဝင်ပတ်သက်မည်ဆိုလျှင် ၎င်း၏အပေါ့စားလေယာဉ်တင်သင်္ဘောများသည် တရုတ်၏ A2/AD စွမ်းဆောင်ရည်များအောက်တွင် ချေမှုန်းခံသွားရဖွယ်ရှိနေသည်။

ဂျပန်နိုင်ငံအနေဖြင့် ရဟတ်ယာဉ်တင်ဖျက်သင်္ဘောများကို အပေါ့စားလေယာဉ်တင်သင်္ဘောများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်းသည် စစ်ရေးဆိုင်ရာတန်ဖိုးထက် ပစိဖိတ်ဒေသနှင့်အမေရိကန်နှင့် ဆက်ဆံရာတွင် ၎င်း၏မဟာဗျူဟာမြောက်ရည်မှန်းချက်နှင့် နိုင်ငံရေးဆိုင်ရာရည်ရွယ်ချက်များအတွက်သာ မျှော်မှန်းဆောင်ရွက်နေဖွယ်ရာရှိပေသည်။

JS Kaga ၏အဆင့်မြှင့်ပြောင်းလဲတည်ဆောက်မှုသည် အင်ဒို-ပစိဖိတ်တပ်ဖြန့်ချထားမှု (IPD) များတွင် ဂျပန်နိုင်ငံ၏ အင်ဒို-ပစိဖိတ်တည်ရှိမှုကို ခိုင်မာအားကောင်းလာစေရန် ရည်ရွယ်ထားဖွယ်ရှိနေသည်။ IDPသည် Izumo အတန်းအစားသင်္ဘောများနှင့်ဒေသတွင်းရှိ အခြားသောသင်္ဘောများကို ကာလရှည်ကြာတပ်ဖြန့်ချထားရပြီး အနာဂတ်တွင်လည်း ဆက်လက်တပ်ဖြန့်ချသွားရဦးမည်ဖြစ်ပေသည်။

F-35B တိုက်လေယာဉ်သည် ဂျပန်နိုင်ငံ၏ အပေါ့စားလေယာဉ်တင်သင်္ဘောများတွင် တာဝန်ထမ်းဆောင်သွားမည့် အဓိကတိုက်လေယာဉ်ဖြစ်သလို ဂျပန်နိုင်ငံသည် F-35B တိုက်လေယာဉ်များကို အများဆုံး ကိုင်တွယ်အသုံးပြုလျက်ရှိသောကြောင့် ၎င်းလေယာဉ်အမျိုးအစားသည် အမေရိကန်အပြင် ၎င်း၏မဟာမိတ်များနှင့်လည်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပေးနိုင်မည်ဖြစ်သည့်အတွက် ဂျပန်၊ အမေရိကန်နှင့် အဓိကကျသော မဟာမိတ်များကြား နည်းပညာလွှဲပြောင်းရာတွင် ပိုမိုအဆင်ပြေချောမွေ့လာစေမည်ဖြစ်သည်။

F-35B တိုက်လေယာဉ်သည် အဆင့်မြင့်နည်းပညာအပေါ်အလေးထားသည့်AUKUS Pillar II တွင် ဂျပန်နိုင်ငံ၏ ပါဝင်ဆောင်ရွက်မှု အဓိကဗဟိုချက်လည်း ဖြစ်နိုင်သည်။ AUKUS သည် AUKUS Pillar II အဆင့်မြင့်စွမ်းဆောင်ရည် စီမံကိန်းများတွင် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန် စဉ်းစားသုံးသပ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စီမံကိန်းတွင် AI၊ ကွန်ပျူတာနည်းစနစ်၊ ရေအောက်ဒရုန်း၊ အသံလွန်ဒုံးကျည်များနှင့်အီလက်ထရွန်နစ် စစ်ဆင်ရေးနည်းပညာများ ပါဝင်မည်ဖြစ်သည်။ ဂျပန်နိုင်ငံ၏ F-35 B တိုက်လေယာဉ်များသည် အာရုံခံစနစ်၊ ရေဒါသတိပေးမှုအတွက် အီလက်ထရွန်နစ် စစ်ဆင်ရေးနည်းပညာ၊ ပစ်မှတ်အထောက်အကူပြုနှင့် ကိုယ်ပိုင်ကာကွယ်ရေးတို့အတွက် AI မှ အဆင့်မြင့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

**ကိုးကား**

**- Experts at odds on benefits of Japan's carriers By Asia Times.**

**ဝင်းဇင်(သုတေသန)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ် အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ကျုံပျော်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၅၄၁၁ ဧက နုတ်သိမ်းပြီးစီး



**ကျုံပျော် မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၅၄၁၁ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျုံပျော်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၅၄၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သောမြေပဲများကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် မြေပဲဧကအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး မြေပဲတစ်ဧကလျှင် ၇၁ ဒသမ ၀၈ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကျုံပျော်ခရိုင်မှာ မြေပဲ ၅၄၁၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေကို နုတ်သိမ်းခဲ့တာ လက်ရှိဧကအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နုတ်သိမ်းပြီးဖြစ်တဲ့မြေပဲတွေက အထွက်နှုန်းကောင်းသလို အရည်အသွေးလဲကောင်းတာကိုတွေ့ရပါတယ်။ အခု နုတ်သိမ်းခဲ့တဲ့မြေပဲတွေအပါအဝင် ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားဆက်စပ်ဌာနတွေ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ မြေပဲအပါအဝင် ဆီထွက်သီးနှံတွေအားလုံး အရည်အသွေးကောင်းမွန်စေရေး၊ အထွက်နှုန်းကောင်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် ဆက်လက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲများအပါအဝင် ဆောင်းသီးနှံများလျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်စပ်သည့်ဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## ဇီးကုန်းမြို့နယ် ငွေးပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း မေ ၂၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေးပင်ကုန်းကျေးရွာနှင့် ချောင်းနားစုကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၂၇ ရက် နံနက်ပိုင်းက ငွေးပင်ကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲ စာစောင်ပါစည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့်ကျေးရွာစိတ်ဓာတ်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ခံစားခွင့်များ၊ ဖြစ်မှုဖြစ်ဒဏ်များကို ပြောကြားသည်။

ဆက်လက်၍ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်း ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကိုပြောကြားပြီး မြို့နယ်ဦးစီးမှူးက ငွေးပင်ကုန်းကျေးရွာနှင့်ချောင်းနားစုကျေးရွာတို့ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ငွေးပင်ကုန်းကျေးရွာနှင့် ချောင်းနားစုကျေးရွာတို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ဦးရေ ၁၉၀ ကို ရန်ပုံငွေကျပ် ၄၈ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရှိုးလေး**

# သတိတရားလက်ကိုင်ထား အမှားကင်းမည်သာ

"သတိ"ဆိုသည်မှာ "အောက်မေ့ခြင်း။ အမှတ်ရခြင်း။ တစ်စုံတစ်ခုသောအာရုံကို အစဉ်မပြတ် သိနေခြင်း"ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုသည်။ ကိုယ်ဖြင့်ပြုအပ်သည့် ကာယကံအမှု၊ စိတ်ဖြင့်တွေးတောကြံစည်မိသည့် မနောကံအမှု၊ နှုတ်ဖြင့်ပြောဆိုအပ်သည့် ဝစီကံအမှုတို့တွင် သတိတရားကိုလက်ကိုင်ထားကာ ဆောင်ရွက်နိုင်မည်ဆိုပါက အမှားကင်း၍ ချမ်းသာခြင်းကိုရရှိနိုင်မည်ဖြစ်သည်။ သတိမမူ၍မမြင်ဆိုသည်နှင့်အညီ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတရားများကြောင့် လူသားတို့သည် သတိလက်လွတ်ဖြစ်ကာ မလုပ်သင့် မလုပ်ထိုက်သည်များကို ပြုလုပ်မိတတ်ကြသဖြင့် ဆင်ခြင်အပ်သည်။

ဒေါသစိတ်ဖြင့် သတိလက်လွတ်ဖြစ်ကာ ပြောလိုက်မိသည့်စကားတစ်ခွန်းကြောင့် လူမှုဆက်ဆံရေးတွင် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများ ပျက်စီးသွားပြီး မမြင်ချင်၊ မကြည့်ချင်၊ မပြောချင်၊ မျက်နှာချင်းပင်မဆိုင်ချင်သည်ထိ ဖြစ်သွားတတ်သည်။ သတိတစ်ချက်လွတ်လိုက်မိ၍ စိတ်နှင့်လူနှင့်မကပ်သည့် တစ်စက္ကန့်မျှပင် မကြာသည့် ကာလလေးတစ်ခုကြောင့်ပင် ယာဉ်တိုက်မှုဖြစ်ပွား၍ အသက်အန္တရာယ်ဆုံးရှုံးသွားရသည့် ဖြစ်ရပ်များစွာရှိသည်။ ယာဉ်တိုက်မှုအများစုသည် စက်ပစ္စည်းနှင့် အခြားအကြောင်းအရာများထက် ယာဉ်မောင်းသူ၏ သတိလက်လွတ်၍ ဖြစ်ရသည်က ပိုများသည်။

သတိတရားသည် လူတို့ကိုအမှားများမကျူးလွန်မိအချိန်မီတားဆီးနိုင်သည့် အရာပင်ဖြစ်သည်။ စောလူးမင်းသည် ငရမန်ကန်းနှင့် ကြွေအန်ကစားရာတွင် ရှုံးသဖြင့် ဒေါသထွက်ကာရုတ်တရက်ပြောမိသည့် "တတ်နိုင်ရင်ပုန်ကန်ပြီး ငါ့ထီးနန်းကိုရအောင်ယူ" ဆိုသည့်စကားကြောင့် ငရမန်ကန်းက ပုန်ကန်သဖြင့် အဖမ်းခံရကာ ထီးနန်းစွန့်ခဲ့ရသည်။ ထို့ပြင် ကျန်စစ်သားက လာရောက်ကယ်တင်ရာတွင်လည်း အထင်လွဲကာ သတိတရားမရှိဘဲ အမှားအမှန်ကို ပိုင်းခြားဆင်ခြင်နိုင်စွမ်းကင်းမဲ့ပြီး မောဟတရားထူပြော၍ မိတ်ဆွေကိုရန်သူထင်ကာ "ကျန်စစ်သား ငါ့ကိုခိုးပြီ"ဟုအော်ခဲ့မိသဖြင့် ကျန်စစ်သားက မကယ်ဘဲ ပစ်ထားခဲ့ရသည်။ မောဟတရားဖုံးလွှမ်း၍ သတိတရားကင်းမဲ့ကာ ပြောခဲ့မိသည့်စကားကြောင့် ဘဝပျက်အသက်ပေးခဲ့ရသည်။ နေ့စဉ် ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်ကြရာတွင် ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို မမှားရအောင် သတိတရားဖြင့် ချုပ်ထိန်းထားရမည်ဖြစ်သည်။

"သတိလက်လွတ် ငုက်တောင်ကျွတ်"ဆိုသည့်စကားနှင့်အညီ သတိတရားလွတ်ကင်းသွား၍ အမှားများစွာပြုလုပ်မိတတ်သည်။ ဆင်ခြင်တုံတရားကင်းမဲ့ကာ အမှားအမှန် အကောင်းအဆိုး အကြောင်းအကျိုးကို ခွဲခြားနိုင်စွမ်းကင်းမဲ့သည့်အခါ လူတို့သည် သတိလက်လွတ် ပြုမူဆောင်ရွက်မိတတ်ကြသည်။ လူတို့သည် သာမန်အားဖြင့် မကောင်းမှုပြုရန် စဉ်းစားလေ့မရှိပေ။ လောဘ၊ ဒေါသ၊ မောဟ စသည့် မကောင်းသည့်အကြောင်းတရားများက တိုက်တွန်းသည့်အခါ စဉ်းစားဆင်ခြင်နိုင်စွမ်း သတိတရားကင်းမဲ့၍ လူကျင့်ဝတ်နှင့်မညီသော အပြုအမူများကို ပြုမူလုပ်ကိုင်ဆောင်ရွက်မိကြခြင်းပင်ဖြစ်သည်။

လောဘတရားသည် လူတို့၏ စဉ်းစားဆင်ခြင်နိုင်စွမ်းကင်းမဲ့စေပြီး မကောင်းမှုဒုစရိုက်များကို ကျူးလွန်ဆောင်ရွက်မိစေသည်။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာလိုကြသည့် သာမန်ပုထုဇဉ်တို့၏စိတ်သည် လောဘကြောင့် ညစ်နွမ်းသွားရပြီး တရားမဝင်သောလုပ်ရပ်များကို သတိမမူဘဲ လုပ်ကိုင်ဆောင်ရွက်တတ်ကြသည်။ မိမိ၏ဆုံးဖြတ်ချက်များ၊ လုပ်ဆောင်ချက်များကို ယိုင်နဲ့သွားစေကာ မှန်ကန်သည့်လမ်းကြောင်းမှ သွေဖည်စေနိုင်သည့် အရာများစွာ အနက် လာဘ် သို့မဟုတ် တံစိုးလက်ဆောင်ကိုလည်း သတိပြုဆင်ခြင်သင့်သည်။ စိတ်ဓာတ်တည်ကြည်သောခေါင်းဆောင်တစ်ဦးသည်ပင်လျှင် လောဘတရားကြောင့် တံစိုးလက်ဆောင်များ လက်ခံ၍ အဂတိလိုက်စားမှုကို ကျူးလွန်ကာ သိက္ခာကင်းမဲ့စွာ ဆုံးဖြတ်မိ၊ လုပ်ဆောင်မိတတ်သဖြင့် သတိတရားလက်ကိုင်ထားကာ ကျင့်ဝတ်သိက္ခာနှင့်ချိန်ဆ၍ ဆောင်ရွက်သင့်သည်။

**❖ "ပညာရှိသတိဖြစ်ခဲ"ဆိုသည့်စကားနှင့်အညီ နာယကဂုဏ် ခြောက်ပါးနှင့်ပြည့်စုံ၍ မှန်ကန်တည့်မတ်စွာ ဆောင်ရွက်လိုသည့် ခေါင်းဆောင်ကောင်းတစ်ယောက်သည်ပင် အရာရာကိုသတိတရားနှင့်ယှဉ်၍ အမြဲမပြတ် လုံ့လစိုက်ထုတ်ဆောင်ရွက်တတ်သည့် အလေ့အကျင့် ရှိရန်လိုအပ်သည်။ သတိဟူသည် ပိုသည်မရှိ လိုသည်သာရှိသည်ဆိုသော စကားနှင့်အညီ လူ့ဘဝ၌ လူအဖြစ်ကိုရလာချိန်တွင် ကောင်းမှုများ၌သာ မွေ့လျော်နိုင်ရန်နှင့် မကောင်းမှုဟူသမျှကို ရှောင်ရှားတတ်စေရန်အတွက် သတိတရားကို အစဉ်လက်ကိုင်ထားရန်လိုအပ်သည်။ ❖**

တောင်ဘီလာဆရာတော်ကြီး၏ လောကသာရဘုံးမစာတွင် "ဓမ္မသတ်တရား၊ ရှိပါငြားလည်း၊ တိမ်းပါးငဲ့ကွက်၊ လက်ဆောင်ဖျက်သည်"ဟု မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်တတ်သည့် စိတ်ဓာတ်ရှိသော်လည်း လောဘကြောင့် သတိလက်လွတ်ဆောင်ရွက်မိတတ်သဖြင့် ဆင်ခြင်ရန်ဆုံးမထားသည်။ ဖြောင့်မတ်တည်ကြည်ခြင်း၊ လွတ်လပ်စွာရပ်တည်နိုင်ခြင်း၊ တာဝန်ယူခြင်း၊ မျှတခြင်း စသည့်စံနှုန်းများကို ယိုင်နဲ့သွားစေတတ်ပြီး မှန်ကန်သောအသိနှင့် သတိတရားများ ပျောက်ကွယ်သွားတတ်သဖြင့် ညောင်ပင်သာ ဦးပုည၏ သုတရတနာဆုံးမစာတွင် "တံစိုးလိုက်စား၊ သူမိုက်များ၊ တရားမမှန် ကွက်တတ်သည်"ဟု ဆုံးမထားခြင်းဖြစ်သည်။

တံစိုးလက်ဆောင်လက်ခံမိ၍ အဂတိလိုက်စားမှုကျူးလွန်မိပြီး မှားယွင်းစွာဆုံးဖြတ်ခဲ့သည့် ဖြစ်ရပ်များစွာရှိခဲ့သည်။ မြတ်စွာဘုရားရှင် ကောသလတိုင်း သာဝတ္ထိပြည်ရှိ အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ဒိဋ္ဌိဂိုဏ်း ခြောက်ဂိုဏ်းက မြတ်စွာဘုရားရှင် သီတင်းသုံးရာ ဇေတဝန်ကျောင်းနှင့်ကပ်လျက်ရှိသောနေရာတွင် ကျောင်းဆောက်ခွင့်ရရှိရေးတင်ပြခဲ့သည်။ ပသေနဒီကောသလမင်းသည် လာဘ်ငွေအသပြာတစ်ထောင်ကို လက်ခံကာ ဘာသာအယူဝါဒမတူသည့် ဒိဋ္ဌိတို့ကို ကျောင်းဆောက်ခွင့်ပေးခြင်းအားဖြင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို သတိပြုဆင်ခြင်နိုင်စွမ်းမရှိဘဲ ဒိဋ္ဌိတို့ကို ကျောင်းဆောက်လုပ်ခွင့်ပေးခဲ့သည်။

နောက်ပိုင်းတွင် ဒိဋ္ဌိတို့က အမျိုးသမီးတစ်ဦးကို ၎င်းတို့ကိုယ်တိုင်သတ်၍ ဘုရားရှင်နှင့် တပည့်ရဟန်းသံဃာများကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်ဆောင်ရွက်ခဲ့ပြီး ဘာသာသာသနာကိုပင်ထိခိုက်သည့်ဖြစ်ရပ်ဖြစ်ပွားခဲ့သည်။ လောဘကြောင့် သတိလက်လွတ်ဖြစ်ခဲ့သည့် လုပ်ရပ်၏နောက်ဆက်တွဲဆိုးကျိုးများပင်ဖြစ်သည်။

"ပညာရှိသတိဖြစ်ခဲ"ဆိုသည့် စကားနှင့်အညီ နာယကဂုဏ် ခြောက်ပါးနှင့်ပြည့်စုံ၍ မှန်ကန်တည့်မတ်စွာ ဆောင်ရွက်လိုသည့် ခေါင်းဆောင်ကောင်းတစ်ယောက်သည်ပင် အရာရာကိုသတိတရားနှင့်ယှဉ်၍ အမြဲမပြတ် လုံ့လစိုက်ထုတ်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ရှိရန်လိုအပ်သည်။ သတိဟူသည်ပိုသည်မရှိ လိုသည်သာရှိသည်ဆိုသောစကားနှင့်အညီ လူ့ဘဝ၌ လူအဖြစ်ကိုရလာချိန်တွင် ကောင်းမှုများ၌သာ မွေ့လျော်နိုင်ရန်နှင့် မကောင်းမှုဟူသမျှကို ရှောင်ရှားတတ်စေရန်အတွက် သတိတရားကို အစဉ်လက်ကိုင်ထားရန်လိုအပ်သည်။

အရှင်းဆုံးဥပမာပြရလျှင် သတိတစ်ချက်လွတ်ကာ မီးခလုတ် မပိတ်မိလိုက်၍ မိမိအိမ်ပါ မီးလောင်ပြီး မိမိ နေထိုင်ရာပတ်ဝန်းကျင်ရှိ အခြားအိမ်များကိုပါ မီးစွဲလောင်စေကာ မိမိ၏အသက်ပင်ဆုံးရှုံးနိုင်သည်။ သတိမေ့၍ တံခါးမပိတ်မိလိုက်သည့် သာမန်အပြုအမူတစ်ရပ်ကသည် တစ်အိမ်လုံး ပစ္စည်းများကုန်နိုင်သည်ထိ ဖြစ်တတ်သည်။

လူ့ဘောင်လောက လူ့ဘဝအတွက် ရေးကြီးဆုံးသောအရာသည် သတိတရားပင်ဖြစ်သဖြင့် မြတ်စွာဘုရားရှင်က ပရိနိဗ္ဗာန်မပြုမီ နောက်ဆုံးဩဝါဒပြုရာတွင် "အပ္ပမာဒေန သမ္ပာဒေထ-အရာရာကိုမမေ့မလျော့မပေါ့မဆသော သတိတရားဖြင့် ဆောင်ရွက်ကြရန်" မှာကြားခဲ့သည်။ သတိတရားကိုလက်ကိုင်ထား၍ မိမိ၏ဆွေမျိုးသားချင်းအားလုံး၏အသက်ကို ကယ်တင်နိုင်ခဲ့သည့် ဘုရားလောင်းမျောက်မင်း၏ သတိတရားကို လက်ကိုင်ထားသည့် ခေါင်းဆောင်မှုပညာသည် မိမိတို့အတွက် အတုယူထိုက်သည့် ဂုဏ်အင်္ဂါတစ်ရပ်ပင်ဖြစ်သည်။ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်တွင် ဘုရားလောင်း မျောက်မင်းသည် မျောက်အပေါင်း ရှစ်သောင်းခန့်ခြံရံ၍ နေထိုင်ကျက်စားနေသည့်အခါ သတိတရားဖြင့် နောက်လိုက်ငယ်သားများကို "အရာရာကိုသတိထားရန်၊ အသီးအနှံများကို မိမိကိုအသိမပေးဘဲ မစားရန်၊ ရေကန်အတွင်းဆင်း၍ ရေသောက်မည်ဆိုပါကလည်း မိမိထံ အသိပေးရန်" မှာကြားထားသည်။

မျောက်အပေါင်းသည် တောနက်အတွင်းလှည့်လည်ရင်း ရေကန်တစ်ကန်တွေ့၍ ရေသောက်ရန်ရှိသည့်အခါ ဘုရားလောင်းမျောက်မင်း မှာကြားသည့်စကားအရ ရေကန်အတွင်းမဆင်းသေးဘဲ ဘုရားလောင်းမျောက်မင်းထံ သတင်းပို့ကြသည်။ ဘုရားလောင်းမျောက်မင်း ရောက်လာသည့်အခါ ရေကန်အတွင်းသို့ မစဉ်းစားမဆင်ခြင် ဆင်းသက်ခြင်းမပြုဘဲ သတိဖြင့်ချဉ်းကပ်ကာ ရေကန်ပတ်ပတ်လည်ကို လှည့်လည်ကြည့်ရှုခဲ့သည်။ ရေကန်အတွင်းဆင်းသည့်ခြေရာများသာတွေ့ရှိရပြီး ပြန်တက်လာသည့်ခြေရာများကိုမတွေ့ရသဖြင့် "အချင်းတို့ ဤရေကန်သည် ရေကန်အတွင်းသို့ဆင်းသည့် သက်ရှိတိုင်းကို စားသောက်ခွင့်ရှိသည့် ရေဘီလူးနေသည့်ရေကန်ဖြစ်သည်၊ မဆင်းကြနဲ့"ဟု ပြောကြားလိုက်သည်။

ရေဘီလူးလည်း ရေကန်အတွင်းသို့ မဆင်းဘဲကြည့်နေကြသည့် မျောက်များကိုမြင်သည့်အခါ အံ့သြလွန်း၍ "အချင်းတို့ မည်သည့်အတွက်ကြောင့် ရေကန်အတွင်း ရေသောက်မဆင်းကြသနည်း" ဟုမေးမြန်းရာ ဘုရားလောင်းမျောက်မင်းက "ဤရေကန်သည် ရေကန်အတွင်းဆင်းသမျှ သက်ရှိတို့ကို စားသောက်ခွင့်ရှိသည့် ရေဘီလူးစောင့်သောကန်ဖြစ်သည်။ ရေကန်အတွင်းသို့မဆင်းဘဲ ရေသောက်ကြရန် ကြံစည်နေခြင်းဖြစ်သည်"ဟု ဖြေကြားခဲ့သည်။

ဘုရားလောင်းမျောက်မင်းက ရေကန်ပတ်ပတ်လည်တွင်ပေါက်သည့် ကျူပင်များကို အဆစ်မရှိ တစ်ပေါက်တည်းဖြစ်ရန် သစ္စာပြုပြီး အဆိုပါကျူရိုးများဖြင့် ရေကန်အတွင်းမှရေကို သောက်စေသဖြင့် မျောက်အပေါင်း အသက်ချမ်းသာခဲ့ရသည်။ အရာရာကို သတိတရားဖြင့် စဉ်းစားဆင်ခြင်ဆုံးဖြတ်လုပ်ဆောင်နိုင်မှု၏ မယုံနိုင်ဖွယ်သောကောင်းကျိုးများပင်ဖြစ်သည်။

အရက်သေစာသောက်စားကာ သတိတစ်ချက်လွတ်၍ မိမိ၏ သွေးသားရင်းကိုပင် သတ်စားမိသည်ထိဖြစ်ခဲ့ဖူးသည့် ဗြဟ္မဒတ်မင်းကြီး၏ဖြစ်ရပ်ကို သတိပြုဆင်ခြင်၍ လုပ်ရပ်တိုင်းသည် သတိတရားဖြင့် ခြုံလွှမ်းသော ကောင်းမှုကုသိုလ်ရရှိစေသော လုပ်ရပ်များဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်သင့်သည်။ ဒေါသဖြင့် သတိလက်လွတ်ဖြစ်ကာ မိဖုရားကို လက်စွဲတော် သန်လျက်ဖြင့် ခုတ်သတ်မိခဲ့သည့် နရသူမင်း၏ဘဝသည် မိဖုရား၏ဖခမည်းတော် စေလွှတ်သောပုဏ္ဏားများ၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။

သတိလက်လွတ် ပြုမူဆောင်ရွက်မိသည့် ဆောင်ရွက်ချက်များသည် မကောင်းသည့်ဘက်သို့သာ ဦးတည်တတ်သဖြင့် အရာရာကိုသတိပြု၍ မကောင်းမှုဒုစရိုက်များကို ရှောင်ရှားနိုင်ကြပါစေကြောင်း ရည်ရွယ်ဖော်ပြလိုက်ပါသည်။

**ကိုးကား**

- **ဆုံးမစာပေါင်းချုပ်ကြီး၊ မာဃဝ။**
- **https://www.jatakastories.com/mm/**

**လင်းလက်**

# ရန်ကုန်တိုင်းဒေသကြီးတွင် ဧပြီလအတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခု ခွင့်ပြုပေးခဲ့



**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီးတွင် ဧပြီလအတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခု ခွင့်ပြုပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ သတင်းများအရ သိရသည်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ကြီးဖြစ်နေသဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုသည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌သာ အများဆုံးရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက် လာစေရေးအတွက် ဆောင်ရွက်နေသကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့အနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နေကြသည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု စက်ရုံအလုပ်ရုံများသို့သွားရောက်ကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှုအခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ပေးနေမှုများအရ ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုများ လစဉ်ဝင်ရောက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီလအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခု၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခု စုစုပေါင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခုကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခွင့်ပြုပေးခဲ့သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပဲအမျိုးမျိုး၊ နှမ်းနှင့် ပြောင်းကြိတ်ခွဲသန့်စင်ထုပ်ပိုး၍ ပြည်ပတင်ပို့ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် စက္ကူအိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် သတို့သမီးဝတ်စုံများချုပ်လုပ်ခြင်းလုပ်ငန်းများပါဝင်ကြောင်း၊ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေပမာဏမှာ ငွေကျပ် သန်း ၄၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၀၇ သန်း ဖြစ်ကြောင်း သိရသည်။

(၃၃၆)

# စလင်းမြို့နယ် မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း မေ ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို မေ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှု ရှိ မရှိနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၄-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပခုက္ကူ | မကွေး | သရက် | မိတ္ထီလာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၄၅ | ၂၉၁၀ | ၂၈၉၅ | ၂၈၅၅ | ၂၉၁၀ | ၂၉၃၀ | ၂၉၃၅ | ၂၈၉၅ | ၃၀၃၀ | ၃၀၅၅ | ၂၉၀၀ | ၂၉၁၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၅၀ | ၃၃၇၅ | ၃၄၅၀ |
| 95 Ron | ၂၉၆၀ | ၃၀၂၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၄၅ | ၃၀၀၅ | ၃၁၄၅ | ၃၁၇၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၀ | ၃၀၅၅ | ၃၀၆၅ | ၃၄၉၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၈၀ | ၂၄၆၅ | ၂၄၂၀ | ၂၄၈၀ | ၂၄၉၅ | ၂၅၀၀ | ၂၄၆၀ | ၂၆၀၀ | ၂၆၂၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၀ | ၂၅၁၅ | ၂၈၄၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၈၈၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၈၈၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၀၈ | ၂၇၉၆ |
| 95 Ron | ၂၈၁၈ | ၂၉၁၈ |
| HSD (500 ppm) | ၂၂၈၉ | ၂၃၆၄ |
| HSD (50 ppm) | ၂၃၃၅ | ၂၄၁၁ |
| HSD (10 ppm) | ၂၃၃၅ | ၂၄၁၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူစံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊လှူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၁၀၁၈၀



အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# 'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



**အိမ်သန့်ရှင်းရေးဝန်ထမ်း အလိုရှိသည်**

- **အမျိုးသမီး** (၂)ဦး
- အသက် 20-35 နှစ်ကြား
- အလုပ်ချိန် မွန်းလွဲ (2) နာရီမှ ည (7)နာရီထိ
- ဆက်သွယ်ရန် မနော်ဟရီလမ်း၊ 72×73လမ်းကြား
- Ph; 09-772888302



**ပျောက်ဆုံးကြောင်း**

တောင်သာမြို့နယ်၊ ဖက်တောကျေးရွာနေ မမိုးပွင့်ခိုင် (ဘ) ဦးမြင့်စိုး (၉/တသန(နိုင်)၂၃၃၆၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-431137) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၅၆၇၇၅၀၇



**ပျောက်ဆုံးကြောင်း**

တားမိုးညဲမြို့နယ်၊ မန်ပုံကျေးရွာနေ မဟော်လောင်ရှို (ဘ) ဦးဟော်ဆန်း (၁၃/ကခန(နိုင်)၀၄၉၀၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MI-123867) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၉၂၇၇၃၅၇


**ရန်သူမီးဘေးတားဆီးရေး မနေးဆောင်ရွက်ကြ**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်**

**စာပေ မြင့်မှ လူမျိုး တင့်မည်**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသီရိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၅၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ လူငယ်များကို အသိပညာ၊ အတတ်ပညာနှင့်အတူ နိုင်ငံချစ်စိတ်၊မျိုးချစ်စိတ်တို့ရှိလာစေပြီး အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိသည့် စွမ်းဆောင်ရည်မြင့်မားသော အနာဂတ်သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန်မှာ အရေးကြီးသောအချက်ဖြစ်ပါသည်။ ထို့ကြောင့် လူငယ်များအား အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသော မျိုးဆက်သစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင်ကျရောက်သော (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ကော့ကရိတ်မြို့ ပတ်ဝန်းကျင်ရှိ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသည့် KKO(ခွဲထွက်)ကျော်သက်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ကို တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ချေမှုန်း၊ မြို့တွင်းတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ကော့ကရိတ်မြို့သို့ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဧပြီ ၂၈**

KKO (ခွဲထွက်) ကျော်သက်အဖွဲ့ နှင့် PDF အမည်ခံ အကြမ်းဖက်သမားများပူးပေါင်းအဖွဲ့သည် ကော့ကရိတ်မြို့နှင့် နယ်မြေခံတပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ရန် ရည်ရွယ်ပြီး ဧပြီလဆန်းပိုင်းမှစ၍ သာလွန်အင်အားများဖြင့် ကော့ကရိတ်-သင်္ကန်းညီနောင်လမ်းဟောင်းအတိုင်း ကော့ကရိတ်မြို့ မြောက်ဘက်ရှိ ကောင်းမှုကျေးရွာ၊ ရန်ကုတ်ကျေးရွာနှင့် ကြောင်ရွာကုန်းကျေးရွာတို့မှ တစ်ဆင့် ကော့ကရိတ်မြို့တွင်း ဝင်ရောက်နိုင်ရေးဆောင်ရွက်ခဲ့ရာ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စုစုပေါင်းထိတွေ့တိုက်ပွဲ ၁၃ ကြိမ် ဖြစ်ပွားခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများသည် အင်အားများထပ်မံဖြည့်တင်းကာ ကော့ကရိတ်မြို့မြောက်ခြမ်းကို ဆက်လက်တိုက်ခိုက်ခြင်း၊ ကော့ကရိတ်မြို့အရှေ့ဘက်ရှိ ပတ်ဝန်းကျင်ကျေးရွာများမှတစ်ဆင့် မြို့အား အဝေးမှ လက်နက်ကြီးများဖြင့် နှောက်ယှက်တိုက်ခိုက်ခြင်းနှင့် မြို့စွန်ရှိ ရပ်ကွက်များအတွင်းသို့ စိမ့်ဝင်၍ ဒေသခံပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပစ္စည်းများကို လုယက်ယူဆောင်ခြင်းစသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည်။

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

**၂၀၂၄ ခုနှစ် မေလအတွင်း ဖြစ်ပေါ်လာနိုင်သည့်အယ်လ်နီညိုအခြေအနေ**

စာမျက်နှာ - ၁၉

**မွန်ပြည်နယ် ဓမ္မသတ်ကျေးရွာ၊ ကရင်ပြည်နယ် ကော့ဘိန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ယာယီနေရပ်စွန့်ခွာနေရသော ဒေသခံပြည်သူများ ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်၊ လိုအပ်သည့် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး**

စာမျက်နှာ - ၁၉

